
စိတ်ကူးချိုချိုအနုပညာ


# သော်တာဆွေ

## ဖြတ်စနဲ့ ကျော်စံကေး



ဒုတိယအကြိမ်

mgyoe.com


ဘော်တာဒေသ
ဖြတ်စနဲ့
ကျော်စံကေး
tts0009
2000.00 Ks

mgyoe.com

ဖြတ်စနဲ့ကျော်စံကေး
သော်တာဆွေ

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁ ၁၉၅ ၁၀၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁ ၄၆၂ ၁၂၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၈၉၅.၈၃
သော်တာဆွေ
ဖြတ်စနဲ့ကျော်စံကေး /
သော်တာဆွေ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂။
စာမျက်နှာ ၁၈၆ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ဖြတ်စနဲ့ကျော်စံကေး

၂၀၁၂ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ကျောင်းဈေး ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com

## ။ မာတိကာ ။


| | | |
|---|---|---|
| ၁။ | ဘရန်ဒီတစ်ပုလင်း | ၉ |
| ၂။ | မယ်တပ်ကုန်း | ၃၉ |
| ၃။ | စုံထောက် မောင်ဖြတ်စ | ၇၂ |
| ၄။ | ဟာစ်လို့သာ ငိုလိုက်ချင်တော့ | ၈၂ |
| ၅။ | ကျော်စံကေး | ၁၁၂ |
| ၆။ | ဖြူ ဝါ ပူ စီ | ၁၅၉ |


✧✧

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဝတ္ထုတွေ ဘယ်လိုက ဘယ်လို ဖြစ်ပေါ်လာရသနည်း

ယင်းအကြောင်းအရာများကို ပြန်ပြောင်း ဖော်ပြခြင်းဖြင့် ဝတ္ထုရေးရန် လေ့ကျင့်နေသူများအဖို့သာမက စာပေ အရသာသက်သက် ဖတ်လိုသူများအတွက်လည်း စိတ် ဝင်စားဖွယ်ရာ ဖြစ်လိမ့်မည်ထင်သောကြောင့် ၎င်းဝတ္ထု တို့ စတင်ဖန်တီးလာရာ အရင်းဇာစ်မြစ်ကို တင်ပြလိုက် ပါသည်။

✧✧

mgyoe.com

mgyoe.com

# ဘရန်ဒီတစ်ပုလင်း

ငှင်းဝတ္ထု၌ စမ်းချောင်းကွက်သစ်ရှိ အိမ်တစ်အိမ်တွင် မင်းတိုင်ပင် အမတ်ဟောင်း ဦးတုတ်ပေါ၊ သမီး မမြခင်၊ သားမက်ကိုဘနိုင်၊ ၎င်း၏တူ မောင်ဖြတ်စ၊ အစေခံမလေး ဝင်းကြည်တို့ကို တွေ့ရမည်။

၎င်းတို့သည် တကယ့်သက်ရှိ ပုဂ္ဂိုလ်များ ဖြစ်ခဲ့၏။ နာမည်များသာ ပြောင်းထားသည်။

မောင်ဖြတ်စမှာ ကျွန်တော် ဖြစ်ချေသည်။

ကျွန်တော်သည် ၁၉၄၀ ခုနှစ်တွင် ရန်ကုန်မြို့ ကျောင်းလာနေစဉ်က ဦးလေးတစ်ယောက်၏အိမ်တွင် နေရသည်။ တစ်အိမ်လုံးသည် ဦးလေးလုပ်စာကို စားကြသည်ဖြစ်သည့်အထဲ အတူတူချင်း ဘိုးဘိုးပေါ(ဆိုပါစို့)သူက ကျွန်တော့်ကို မကြည်ဖြူချေ။

ယင်းသို့ရှိစဉ် တခြားမြို့မှ ကြည့်မြင်တိုင် အေ–ဘီ–အမ် မိန်းကလေး ကျောင်းတွင် ဘော်ဒါလာနေသော သူ့မြေးမ(မော်လီ ဆိုပါစို့)ကို ကျွန်တော် ဂေါ်လိုက်မိပြန်တော့ အဘိုးကြီးက ဆတ်ဆတ်ထိနာကာ "အောင်မာ၊ ဒီတော သားက ငါ့မြေးများ ရာရာစစ အိမ်က အစေခံမလောက်နဲ့ တန်တဲ့ကောင်က" ဟု ဆို၏။

ဒီတော့ ကျွန်တော်မှာ သူ့ကို အလွန်အမင်း စိဝ်ဆိုးသည်။ တသသ နေသော သူ့နှုတ်ခမ်းမွေး ကုပ်ကိုင်းကိုင်းကြီးကို မီးနှင့်ရှို့ပစ်ချင်သည်။ သူ့ကို အိမ်က အစေခံနှင့် ပေးစားချင်သည်။ အကယ်၍ကား အဘယ်မှာ ဖြစ်နိုင်အံ့နည်း။ သို့သော် ကျွန်တော့်မှာ စိတ်ကူးယဉ်ဖြင့် ဟာဒယရှင်တတ်သူ ဖြစ်ရ

mgyoe.com

mgyoe.com
ကား ဤဘာရန်ဒီတစ်ပုလင်းဝတ္ထုကို ဇာတ်အိမ်ဖွဲ့လိုက်တော့သည်။ အစက စာရေးကြံစည်သည်မဟုတ်၊ စိတ်ကူးနှင့် သူ့ကို ကလဲ့စားချေခြင်းသာ ဖြစ်ပေသည်။

✱

## မယ်တပ်ကုန်း

၁၉၄၇ ခုနှစ်၊ ဇွန်လ၊ ကျွန်တော်သည် မန္တလေးမြို့မှ 'ဘာရန်ဒီတစ်ပုလင်း'ဝတ္ထုကို ရှုမဝတိုက်သို့ ပို့လိုက်ပြီး စွံမှန်း၊ မစွံမှန်း မသိရမီ ရန်ကုန်မှလာသော ကိုကြီးမောင်(ငွေဥဒေါင်း)နှင့် ဆရာကြီးအိမ်မှာ တွေ့ဆုံးသိကျွမ်းရသည်။

ဤအခါ ကိုကြီးမောင်က သတင်းထူးအဖြစ်နှင့် ပြောကြားသည်မှာ ရန်ကုန်မြို့တော်ခန်းမတွင် 'မယ်ဒဂုန်'ရွေးပွဲအကြောင်းဖြစ်သည်။

ကလေးမများ ဘယ်လိုဝတ်ပြီး၊ ဘယ်လို ကော့ပြ၊ ကား ပြသည်၊ မြန်မာ့ မျက်စိသက်သက်နှင့် ကြည့်လျှင် အင်မတန်မှ မသင့်လျော်ကြောင်း ပြောသည်။

ကျွန်တော်တို့မှာ ဤအကြောင်း သတင်းစာထဲတွင်သာ ဖတ်ရ၍ သူက သေသေချာချာ ပြောပြသောအခါ၌ စိတ်ဝင်စားလှသည်။ ယင်းအခါ၌ မန္တလေးမြို့မှာလည်း 'ရွှေမန်းမယ်'ရွေးပွဲ ဈေးဦးပေါက်ကျင်းပရန် စိုင်းပြင်းနေကြပြီ။

နောက်နောင်၌ ရန်ကုန်၊ မန္တလေးသာမက မြန်မာပြည်ရှိ မြို့တိုင်းပင် ဤရွေးပွဲမျိုးတွေ လုပ်လိမ့်မည်ဟု ကိုကြီးမောင်က ပြောသည်။ ကျွန်တော်ကလည်း ယုံသည်။

ထို့ကြောင့် ကလောင်ဖြင့် နာမည်ကြီးရန် ကြံနေသော ကျွန်တော်သည် ထိုအရေးပေါ်အကြောင်းကို အခြေခံ၍ ဝတ္ထုရေးရန် စိတ်ကူးဉာဏ်ထုတ်တော့သည်။

ကျွန်တော့်ဇာတ်လိုက် ပိန်ချည့်ကုန်းကွ မောင်ဖြတ်စကို ကျန်းမာရေး အင်မတန်လိုက်စားနေသော မယ်ဘွဲ့ရတစ်ယောက်နှင့် တွဲပေးရလျှင် ပိုပြီး 'ထိ'တော့မည်ဟု အကြံပေါ်သည်။

mgyoe.com

သို့အတွက် ဦးတုတ်ပေါ်၏မြေး မယ်တပ်ကုန်းဘွဲ့ရ မာဂရက်သာ ဝက်ကို ဖော်ထုတ်၍ ဇာတ်အိမ်ဆင်လိုက်တော့၏။

*

## စုံထောက် မောင်ဖြတ်စ

'မယ်တပ်ကုန်း'ဝတ္ထုကား ကျွန်တော် ကြံခဲ့သည့်အတိုင်းပင် အတော် ထိသည်။ ရှုမဝစာတည်းအဖွဲ့က ဤဝတ္ထုကို အင်မတန်ကြိုက်ပါသော်လည်း ချက်ချင်း မထည့်ဝံ့ခဲ့ကြ။ အမှန်မှာ 'ဘရန်ဒီတစ်ပုလင်း'ပြီးလျှင် တစ်ဆက် တည်း ပါဖို့ဖြစ်သည်။ သို့သော် တိုင်းပြည်၌ ဤသို့ ပေါ်သစ်စ အများလူထု စိတ်ဝင်စားနေကြသော ကိစ္စကို ထိပါး၍ တော်ပါ့မလားဟု သူတို့ ချင့်ချိန်ရ သည်။ ထို့ကြောင့် ၆ လကျော်အကြာ ဤမယ်ရွေးပွဲတွေ တော်တော်ကလေး ရိုးသွားမှထည့်တော့၏။

အချို့နေရာကိုလည်း အတော်အတန် ဖြတ်တောက်ပစ်လိုက်သေး၏။

သို့ပါလျက်ကနှင့် ဝတ္ထုထွက်အပြီးတွင် ကျွန်တော့်ကို ဆဲစာများ ထွက် လာသေး၏တကား။

စာတစ်ခုကို ကျွန်တော် ယခုတိုင် အမှတ်တရရှိသည်။

"ရှုမဝလူကြီးမင်းခင်ဗျား၊ ရှုမဝမဂ္ဂဇင်း တစ်အုပ်လုံးသည် အလွန် တရာ ကောင်းပါလျက် သော်တာဆွေ၏ မယ်တပ်ကုန်းဝတ္ထု ပါနေသော ကြောင့် ရွှေစင်တစ်လှည်းတွင် မစင်တစ်ပဲသား စွက်နေသည်နှင့်တူပါသည်။ ထို့ကြောင့် ကျွန်တော်သည် ၎င်းဝတ္ထုစာရွက်တွေကို ကတ်ကြေးနှင့်ညှပ်၊ မီး နှင့် ရှို့၊ ပြာကို အိမ်သာထဲ ချပစ်လိုက်ပါ၏"

ကျွန်တော့်မှာ ဟက်ဟက်ပက်ပက် ရယ်မောရ၏။ ဝမ်းလည်းသာ လိုက်တဲ့ဖြစ်ခြင်း။ Satire စာပြောင်ရေးသူတို့အဖို့တွင် ဤစာမျိုးသည် ကြီးစွာသော အောင်ဆုကြီး မဟုတ်ပါလော။

အချို့ကလည်း (မိန်းကလေးတွေများသည်)မာဂရက်လို မယ်ဘွဲ့ရကို ဖြတ်စလိုအကောင်နှင့် ဤသို့ဖြစ်အောင် ရေးရမည်လား၊ ဆတ်ဆတ်နာကြ ၏။

သို့သော် ကျွန်တော့်ဘက်လူများ ရှိသေး၏။ "ဘယ့်နှယ်လဲ ဦးသော်

mgyoe.com

mgyoe.com


တာဆွေ...။ မယ်တပ်ကုန်းအဆုံးမှာ (မိုးစင်စင်လင်းချေပြီတကား)ဆိုရုံနဲ့ ခင်ဗျားဝတ္ထုက အစမသတ်သေးပါလား။ မယ်တပ်ကုန်းနှင့် မောင်ဖြတ်စ ခင်ဗျား မပေးစားနိုင်ဘူးလား"ဟု ဆိုကြသည်နှင့် ကျွန်တော်သည် သူတို့ နှစ်ယောက် ညားနိုင်ဖို့အကြောင်းကို စိတ်ကူးရကာ ဟိုတစ်ဖက်ကို အရွဲ့တိုက်လိုသည်နှင့် ဤ'စုံထောက်မောင်ဖြတ်စ'ဝတ္ထုကို ရေးလိုက်ရပေဘော့၏။

*

## ဟစ်လို့သာငိုလိုက်ချင်တော့

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၊ ရန်ကုန်မြို့ကို ဂျပန်များ လာရောက်ဗုံးကြဲသောအချိန် ကျွန်တော်လည်း ၂၄ ရက်နေ့တွင် ဇာတိဌာနေ မွေးရပ်မြေသို့ ခွေးပြေးဝက်ပြေး ပြေးခဲ့ရသည်။ သို့သော် အိမ်ရောက်ခါမှ နောက်တစ်နေ့တွင် ကျွန်တော် ဂေါ်နေသော ကောင်မလေးကို သတိရ၍ ဤဝတ္ထုပါ ကျော်စံကေး၏ အကြံအတိုင်း ရန်ကုန်သို့ပြန်ခဲ့ပါသည်။ (ကျွန်တော်သည် ဤကိစ္စ၌ ဗုံးဒဏ်ကို မကြောက်ခဲ့ချေတကား)

ရန်ကုန်သို့ ရောက်လတ်သော် ဤဝတ္ထု အဆုံးသတ်အတိုင်းပင် တံခါး ပိတ်၍ သော့ခလောက် ချိတ်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော့်အဖြစ်ကို "ဟစ်လို့သာ ငိုလိုက်ချင်တော့"ဟု အမည်တပ်လိုက်၏။

လမ်းတွင် ဖြစ်ပျက်လာသော အကြောင်းအရာတို့ကိုကား အကယ်ပင် ကျွန်တော်သည် မော်တော်ကားကြုံနှင့် လိုက်ခဲ့ရာမှ (မိတ်ဆွေ ချစ်ပန်းနှစ်ခိုင် ဝတ္ထုကို ဖတ်ဖူးလျှင် သိမည်ဖြစ်သော)ကျွန်တော့်ရည်းစား အရိန့်အိမ်သို့ အချိန်မတော် မမျှော်လင့်ဘဲနှင့် ရောက်သွားပါသည်။

မူရင်းမှာ သူ့လင်သည် ကျွန်တော့်ကို မသိမဟုတ်။ မျက်နှာပျက်နေ သည်။ အရိန်မူကား ကျွန်တော်သည် သူတို့အိမ်ခန်းနံရံကို ကျောမှီထိုင်နေ ရာ ကျွန်တော့်နောက်ဆီမှ နံရံကိုပွတ်လျက် ရှိုက်ငိုနေသံကို ကြားရပါသည်။

အရိန်သည် ကျွန်တော်နှင့် အလွန်အကျွံ ချစ်ခဲ့သော ငယ်ရည်းစား တရုတ်ကပြားဖြစ်။ သို့သော် သူ့အဖေက သူတို့အမျိုးကူနှင့် ပေးစားလိုက်ခြင်း ကို ခံရသည်။ သူ့လင်သည် ကျွန်တော်နှင့်ဖြစ်နေမှန်းသိသိနှင့် အဘင်း ဂေ့ ယူသူ။

mgyoe.com

mgyoe.com


ဤအချိန်၌ ကျွန်တော်သည် ဝတ္ထုပါ ကျော်စံကေးကဲ့သို့ မျက်နှာပျက်မနေပါ။ ရှုတင်းတင်းပင် ရှိပါသည်။

အရိန်သည် ကျွန်တော့်နောက်၌ တရှိက်ရှိက် လာငိုနေတော့ စိတ်ထိခိုက်လှ၍ ဟိုလူ၏ကားကို မစောင့်တော့ဘဲ ရထားနှင့်လိုက်တော့မည်ဟု အတင်း ဆင်းခဲ့သည်။ ကိုဘလှဆိုသူမှာသာ အံ့အားသင့်၍ ကျန်ခဲ့သည်။

သို့သော် ဤအကြောင်းကို ပြန်ပြောင်း၍ ဝတ္ထုရေးရန် စဉ်းစားသောအချိန်၌ ကျွန်တော်သည် လောကကြီး၏ အဆင်မပြေမှုတွေကို ဟက်ဟက်ပက်ပက် ရယ်တတ်နေပြီဖြစ်၍ တစ်စက်ကလေးမှ ကြေကွဲစိတ်မရှိဘဲ အားရပါးရ ရယ်မောချလိုက်ခြင်းသာ ဖြစ်ပေသည်။ သို့သော် 'ချစ်ပန်းနှစ်ခိုင်'ဝတ္ထု၌ ကိုယ့်လူ ငိုပါလား ဟု ဆိုအံ့ "ကျုပ် အလွမ်းဝတ္ထုလည်း ရေးတတ်ပါတယ်ဗျ …"ဟု သိကြစိမ့်ငှာ ဖြစ်သည်။

"ဟစ်လို့သာ ငိုလိုက်ချင်တော့"ဝတ္ထုတွင် ကျော်စံကေးကို အရိန်တို့အိမ်ပေါ်မှစ၍ ချောက်ချလိုက်လေသည်။ သူ့ကိုယ်က ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ခွာခဲ့ရာ ရန်ကုန်ရောက်သောအခါ၌ ခါးမှာ မထား၍မဖြစ်တော့သော ဘောင်းဘီတိုကလေးသာ ချန်ထားလိုက်တော့သည်။

စာဖတ်သူတို့သည် ရယ်စရာဝတ္ထု၌ ဘာမှရည်ရွယ်ချက် မရှိဟု အောက်မေ့ကြလိမ့်မည်။ သို့သော် ကျွန်တော့်စေတနာရင်းကား စာဖတ်သူတို့သည် ကျော်စံကေး ချောက်ကျမှုတွေကို ရယ်မောကြသလို၊ သင်တို့ကိုယ်တိုင် ချောက်ကျသောအခါတို့၌ ရယ်မောနိုင်ကြပါစေ၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ပါစေ ဟု သတိပေးလိုပါသည်။

ကျွန်တော့်ဝတ္ထုတွေဟာ … ကျွန်တော့်ဇာတ်လိုက်တွေကို အမြဲတမ်း ချောက်ချပေးနေပါသည်။

အချို့က "သော်တာဆွေ့ ဇာတ်လိုက်ဖြစ်ရမှာ ကြောက်ပါဘိ"ဟု ဆိုကြကုန်သည်။ "သော်တာဆွေ့ဇာတ်လိုက် မဖြစ်ချင်ရင် သော်တာဆွေ့ဇာတ်လိုက်တွေလို မကျင့်ကြနဲ့ပေါ့"

*

mgyoe.com

mgyoe.com


## ကျော်စံကေး

"ဟစ်လို့သာ ငိုလိုက်ချင်တော့"အပြီး၌ ဤဝတ္ထုကို ဆက်လက်ရေးရန် လုံးဝ စိတ်ကူးမထည့်ခဲ့ချေ။ သို့သော် ဟစ်လို့သာ ငိုလိုက်ချင်တော့ ဝတ္ထုထွက်ပြီး ကျွန်တော် မန္တလေးမှ ရန်ကုန်သို့ ထွက်လာသောအခါ၌ ကိုကျော်က ထိုဝတ္ထုတွင် အတွင်းပုံထည့်ရန် "ကျော်စံကေးက မီးရထားပေါ်တွင် ဟိုမိန်းမကြီး အကျီတိုကလေးကို ဝတ်လျက် မိန်းမကြီးက သူခိုးစွပ်စွဲနေပုံ"ကို ဦးကိုလေးအား ရေးဆွဲခိုင်းပြီး ဘလောက်လုပ်ပြီးနေမှ ထည့်ရန် မေ့သွားသဖြင့် ဤပုံကိုသုံးရန် ကျော်စံကေးဝတ္ထု ဆက်မရေးနိုင်ဘူးလား ဆိုသောကြောင့် (သူက ကျွန်တော့်အစွမ်းကို စမ်းချင်ဟန်တူသည်) ကျွန်တော်က တစ်ခဏ အတွင်းမှာပင် အာမခံလိုက်သည်။ (ရေးပြီးတော့လည်း ဗဂျမ်းနှင့် ကျွန်တော် ဘက်မိနေပြီဖြစ်၍ ဦးကိုလေးပုံ မသုံးဖြစ်တော့)

အခြေခံမှာ ထိုဝတ္ထုအဆုံးသတ်အတိုင်း ထိုနေ့ ဂျပန်က ဗုံးလာကြဲမည်ဆို၍ ကျွန်တော် ကိုတင့်ကြီးနှင့်အတူ ဘုရားပေါ်သို့ ရောက်သွားသည်။ ဇရပ်၌ စိတ်မနှံ့သော ကိုရင်ကြီးကို တွေ့ရသည်။ အရေးထဲ ဂေါ်ချင်စရာကောင်းသော ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရသည်။

ရန်ကုန်က အပြန်မှာ မီးရထားပိတ်ထား၍ ကားကြုံနှင့်ပြန်ခဲ့ရသည်။ ဤအကြောင်းများကိုပင် သယ်ဆောင်၍ ရေးသွားသည်။

ဖြတ်စနှင့် ကျော်စံကေးတို့သည် လည်ပင်းကျပ်အပြည့်နှင့် ပိန်ချည့်ကုန်းကွ ဖြစ်ရုံမက အကျင့်စာရိတ္တလည်း ဆိုးသွမ်းကြသည်မှာ ထိုခေတ်က ရှေးရိုးစဉ်လာ ဝတ္ထုရေးကြသည်တို့၌ ဇာတ်လိုက်သည် ချော၏။ ပညာတတ်၏။ အကျင့်စာရိတ္တ အင်မတန်ကောင်းကြ၏။ လူစွမ်းလူစများလည်း အဘက်ဘက်က ထက်ကြ၏ ... စသည်ဖြင့် အများလူတို့၏ နဂိုမူလနှင့်လွတ်အောင် ဖန်တည်းထားကြသည်များကို အရွဲ့တိုက်လို၍ဖြစ်၏။

*

## မြွေဝါပူစီ

ဤဝတ္ထုကို ပဒေသာမဂ္ဂဇင်းတွင် ရေးခဲ့စဉ်က ကလောင်နာမည် အောင်နက် ဖြစ်သည်။

ထိုစဉ်က ကျွန်တော်တို့ ပဒေသာ ဒိုင်ခံ စာရေးဆရာများသည်

mgyoe.com

mgyoe.com

ကလောင်နာမည် ကိုယ်ခွဲများဖြင့် မဂ္ဂဇင်းမျက်နှာ ဖြည့်ကြရလေရာ၊ ကလောင်နာမည် ကောင်းကောင်းကလေးတွေကို ရွေးမှည့်ကြ၏။ အချို့နာမည်၌ တစ်ယောက်နှင့်တစ်ယောက်ပင် လုနေကြသေးသည်။

ကျွန်တော်ကား ဘယ်သူမျှ ကျွန်တော့်နာမည်ကို လိုက်မလုနိုင်ရန် 'အောင်နက်' ဟူသော နာမည်ကိုယူပြီး အောင်နက်နှင့်တော်သော ဝတ္ထုမျိုးကို စိတ်ကူးထုတ်ယူလိုက်ခြင်း ဖြစ်၏။

၎င်းဝတ္ထုကိုရသော အခြေခံကား အသိတစ်ယောက်အိမ်၌ ခွေးနှင့်ကြောင် သင့်သင့်မြတ်မြတ် ပွတ်သီးပွတ်သပ် နေကြခြင်းကို တွေ့မြင်ခဲ့ရုံမျှ ဖြစ်ပေသည်။

သော်တာဆွေ

✧✧

mgyoe.com

mgyoe.com

## ဘရန်ဒီတစ်ပုလင်း

ဤခေတ်အခါ၌ ဤကဲ့သို့သော ပျားအုံတံဆိပ် သံကြိုးခတ်ဘီးဟိုက် ဘရန်ဒီစစ်စစ်ကို ရှာဖွေယူဆောင်လာနိုင်သူအား အထူးပင် ချီးမွမ်းသြဘာ ထောမနာပြုဖွယ် ကောင်းပါပေ၏။

အကြောင်းမှာ နစ်ပွန်မာစတာတို့ စိုးစံတော်မူသော ဒုတိယမြောက်နှစ် ဖြစ်၏။ ၎င်းမာစတာများ ကိုယ်တိုင်ပင် ဆာကေး ခေါ် အဘိဓမ္မာ ချက်အရက် လောက်မှ မစွံသော ဂျပန်စိမ်ရည်ကို သောက်သုံးနေသော အချိန်ဖြစ်၍ အနောက်နိုင်ငံဖြစ်လက်ကျန် ဘီယာ၊ ဘရန်ဒီ၊ ဝီစကီတို့ကား ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလေပြီ။ လူမမာ ဓာတ်စာအတွက် သတင်းစာ ကြော်ငြာနှင့် လိုက်လံရှာဖွေသောသူများပင် လက်လျှော့ရသော အခါသမယ ကြီးဖြစ်ပေ၏။

အကယ်၍သာ စမ်းချောင်းကွက်သစ်ရှိ မင်းတိုင်ပင်အမတ်ဟောင်း ဦးတုတ်ပေါ၏နှုတ်ခမ်းမွေးကို ထူးဆန်းစွာ မီး မလောင်ခဲ့ပါမူ ထိုဘရန်ဒီ တစ်ပုလင်းသည် ဤရပ်ကွက်သို့ ရောက်လာမည်မဟုတ်ပါချေ။

ဦးတုတ်ပေါ လူ့ပြည်သို့ ကြွခဲ့သည်မှာ နှစ်ပေါင်း ခြောက်ဆယ်ကျော် နှင်း ခုနစ်ဆယ်သို့ ချဉ်းခဲ့ချေပြီ။ ယခုကဲ့သို့ ဝမ်းနည်းပက်လက် မဖြစ်စဖူး ထူးထူးဆန်းဆန်း အသက်အရွယ်ကြီးမှပင် ကြုံတွေ့ရချေသည်။

လူပျို့ဘဝ၌ ရည်းစားပေါင်း တစ်ဒါဇင်ကျော်မျှ သူ့အရင် လင်ယူသွား ကြသည်ကို ဤမျှမဆွေးပူမိ။ ထုံပလုံတုံ တေခဲ့သည်။ ချစ်လှစွာသော သမီး အကြီးဆုံး လင်ပေးစာခါနီး သူ့ရည်းစားနောက် လိုက်ပြေးခဲ့စဉ်ကနှင့်လည်း မနှိုင်းယှဉ်နိုင်။ ရှိသမျှပစ္စည်းကလေး ကုန်အောင်ပင် ကြိုးပမ်းခဲ့၍ အမတ်

mgyoe.com

mgyoe.com


ရာထူးရပြီးနောက် အမတ်တို့၏ဘာဝ အပျော်အပါးလွန်သဖြင့် အရင်းငွေ တစ်ပြားမှ မစုမိခင် အမတ်သက်ကုန်ဆုံးသည်ကို ဤမျှ ဝမ်းမနည်းမိ။ အမတ် လုပ်ပြီး ရမ်းကားမှုကြောင့် မယားဖြစ်သူ စိတ်ညစ်သေသည်လည်း မထောင်း တာလှ။

ယခုတစ်မူ အခြားအခြားသော သေရာ မပါနိုင်သည့် ပစ္စည်းတွေ၊ ဂုဏ်တွေ ပျက်စီးနိမ့်လျောခဲ့သည်ထက် ဤ ရှင်အတူ၊ သေမကွဲ ပါမည်ထင်ခဲ့ သော မိမိ၏ခန့်ခန့်ထည်ထည် နှုတ်ခမ်းမွေးကြီးကို ထူးဆန်းစွာ မီးလောင် ဆုံးရှုံးပျက်စီးရသောကြောင့် အလွန့်အလွန် နှမြောတသ ပူဆွေးဝမ်းနည်းခြင်း ကို ဖြစ်ရလေတော့၏။

သူအမတ်ဖြစ်စဉ်ကမူ ကာတွန်းဆရာတို့သည် ယခုဗိုလ်ချုပ်၏ပုံလို ထိပ်မောက်ရန် အရေးကြီးဘိသကဲ့သို့(ယင်းဝတ္ထုရေးစဉ်၌ ဗိုလ်ချုပ်အောင် ဆန်း ရှိနေသေးပါ၏။ သူ၏ပုံမှာ တွဲလွဲဆွဲထားသော ထန်းလက်ခြောက်ကြီး သဖွယ် နှုတ်ခမ်းမွေးကြီး ကားနေရန် အရေးကြီးလှပေ၏။

သူ၏နှုတ်ခမ်းမွေးမျိုးမှာ လူတစ်သိန်းလျှင် တစ်ယောက်မရှိ။ သူ၏ ပါရမီထူး၍သော သူ၌တန်ဆာဆင်နေသည်ဟု ယူဆခဲ့၏။ "နှုတ်ခမ်းမွေး ကြီးနှင့်ဦးတုတ်ပေါ၊ ဦးတုတ်ပေါကြီးနှင့် နှုတ်ခမ်းမွေး"ဟု ဝေးနီးရပ်ခြား ကျော်ကြားကာ သူ၏ဆွေမျိုးမိတ်ဆွေများကပင် သူ့နှုတ်ခမ်းမွေးကြီးအတွက် ဂုဏ်ယူကြသည်ဟု သူ ထင်မြင်ခဲ့၏။

ယခုတစ်မူ ထိုနှုတ်ခမ်းမွေးကြီး ဆုံးရှုံးရချေပြီ။

ဦးတုတ်ပေါသည် အသက်အရွယ်ကြီးမှ ဘာမျှမလုပ်တော့ဘဲ အမတ် ရာထူးဒဏ်ကြောင့် ရှိသမျှပစ္စည်းကလေး ကုန်ခဲ့၍ လက်ကျန်အိမ်တစ်လုံး ပေါ်တွင် အိမ်ထောင်သည်သမီးတစ်ယောက်နှင့်နေကာ သမက်၏လုပ်စာ ကို စားနေ၏။ သူ၏အကျင့်မှာ နံနက်စောစောတွင် အမတ်ဖြစ်စဉ်က စတိုင် အတိုင်း ဘောင်းဘီတိုတို၊ ဗိုက်ရွဲရွဲ၊ နှုတ်ခမ်းမွေးကားကား၊ တုတ်ကောက် တစ်ဖက်နှင့် လမ်းလျှောက်လေ့ရှိ၏။ ထမင်းစားခါနီးတွင် အရက်ကလေး မှန်မှန်သောက်၍ မြိန်ယှက်စွာ စားနိုင်သဖြင့် အသက်ကြီးသော်လည်း ကျန်းမာ ဝဖြိုးတုန်းပင်ဖြစ်၏။

အထူးသဖြင့် သူအနှစ်သက်ဆုံးမှာ ဆေးပြင်းလိပ်ဖြစ်၏။ ဘယ်တော့ မှ အပြတ်မခံနိုင်။ ဆေးပြင်းလိပ်နှင့် ဓာတ်မီးခြစ်တစ်ခုမှာ လက်၌ အမြဲတစေ

mgyoe.com

mgyoe.com


ရှိနေရ၏။ ဆေးပြင်းလိပ်ကိုလည်း မည်မျှပင်တိုတို ပါးစပ် တပ်၍ရလျှင် တစ်ဖွာရရ၊ နှစ်ဖွာရရ ညှိသောက်လေ့ရှိ၏။ အိပ်ခါနီးတွင် ဆေးလိပ်ကို အ၀ သောက် အိပ်တတ်၍ ပျော်ခါနီးတွင် ဆေးလိပ်တိုကို ခေါင်းအုံးနား၌ ချထား ကာ နိုးလျှင် နိုးချင်း ဘာမျှမပြော၊ ဘာမျှမလုပ်၊ မျက်နှာမသစ်၊ ပလုတ် မကျင်းသေးဘဲ ဆေးလိပ်တိုကို ပါးစပ်တွင် အလျင်အမြန်တပ်ပြီး မီးညှိလေ့ ရှိ၏။

တစ်နေ့သောအခါ၌ ဦးတုတ်ပေါသည် နံနက်စာကို မြိတ်ယှက်စွာ စားပြီး အိမ်ရှေ့ခန်းတွင် တုံးလုံးလှဲကာ ဆေးပြင်းလိပ် မှိန်းရင်း ထမင်းလုံး စီလေ၏။ အိပ်ပျော်ခါနီးတွင် ဆေးလိပ်တိုကလေးကို ထုံးစံအတိုင်း ခေါင်း အုံးအနီး ဓာတ်မီးခြစ်ကလေးနှင့်အတူ ချထားလိုက်၏။ ဆေးလိပ်တိုကလေး မှာ လက်ဆစ်တဝက်မျှသာ ကျန်တော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ ရုတ်တရက် အိပ်ရာမှနိုး ပြီး နှုတ်ခမ်းတွင် စိမ့်ခနဲ အေးတေးတေးရှိသည်ဟု ထင်မိ၏။ သို့သော် ထုံးစံ အတိုင်း ဘာကိုမျှမလုပ်၊ ဘာကိုမျှမစဉ်းစားသေးဘဲ ဆေးလိပ်တိုကို ပါးစပ် တပ်ကာ ဓါတ်မီးခြစ်ကို ကပ်၍ခြစ်လိုက်လေ၏။

မီးသည် ရုတ်တရက် ဟုန်းခနဲ ထတောက်ကာ နှုတ်ခမ်းမွေးတို့ကို တဖျစ်ဖျစ်နှင့်လောင်လေ၏။

"ဟဲ့ …ဘာဖြစ်တာလဲဟဲ့…ဘယ့်နှယ်ပါလိမ့်…"ဟု ရုတ်တရက်မှု ဘာ မျှမလုပ်နိုင်ဘဲ ခြေမကိုင်မိ တစ်ယောက်တည်း အော်နေမိ၏။ နောက်မှ သတိ ရလာကာ ပုဆိုးခါးပုံစနှင့် မ၍ ပွတ်တိုက်လိုက်မှသာ မီးငြိမ်းသွားဟော့၏။ သို့သော် သူ၏နှုတ်ခမ်းမွေးရှည်ကြီးများ မရှိတော့ချေ။ မီးမြိုက်ခါစ ဝက်မွေး ကဲ့သို့ ကျိုးတိုးကျဲတဲ တွန့်တွန့်လိမ်လိမ်ကလေးများသာ ကျန်တော့၏။

မျက်နှာကြီးရဲရဲနှင့် အနီးရှိတိုင်တွင် ချိတ်ထားသော မှန်ကို သွား၍ ကြည့်လေ၏။ "ဟိုက် … သောက်ကျိုးနဲ့ရော"ဟု တစ်ခွန်းတည်းအော်ကာ အသက်ပါသွားသကဲ့သို့ ပါးစပ်ကြီးအဟောင်းသားနှင့် ကြက်သေသေနေလေ ၏။ တစ်မိနစ်ကြာမှ သတိရကာ သက်ပြင်းကြီးချလျက် ဓာတ်မီးခြစ်ကို ပြန်၍ ကိုင်ကြည့်လိုက်ရာ မီးစာမှာ ငါးစင်တီမီတာမျှ ရှည်ထွက်နေသည်ကို တွေ့လာသဖြင့် ပတ်ဝန်းကျင်ကိုကြည့်ပြီး 'တောက်' တစ်ချက် ပြင်းစွာ ခေါက် လိုက်လေ၏။

mgyoe.com

mgyoe.com


ဘယ်သူ့ကိုမှမမြင်သဖြင့် "ဝင်းကြည်"ဟု မီးဖိုချောင်တွင် အမြဲတစေရှိရမည်ဖြစ်သော အစေခံမလေးကို ကျယ်လောင်စွာ ခေါ်လိုက်လေ၏။

သူ့ခေါ်သံနှင့်တစ်ဆက်တည်း "ရှင် ...."ဟု ထူးကာ ဆံပင်ကို ပြင်ပတ်ရင်း အပျိုပေါက်မလေးတစ်ယောက် ထွက်လာလေ၏။ သူ၏နှုတ်ခမ်းမွေးကို ကြည့်ပြီး ရယ်ချင်၏။ သို့သော် မရယ်ဝံ့။

"ဓာတ်မီးခြစ်ကို ဘယ်သူကိုင်တာ မြင်သလဲ"

"ဘိုးဘိုး အိပ်နေတုန်းက မောင်လေး ကိုင်တာ မြင်တယ်"ဟု မဆုတ်မဆိုင်း ဖြေလိုက်၏။ အကြောင်းမူကား ဝင်းကြည်သည် အိမ်ဦးဖြစ်သမျှ မသိဟူ၍ မဖြေရ။ ဖြေခဲ့လျှင် အကြီးအကျယ် ဆူပူခြင်းခံရလေ့ရှိသဖြင့် ဟုတ်ဟုတ် မဟုတ်ဟုတ် အမြန်ဖြေရန် အကျင့်ရနေပြီးဖြစ်၏။ မောင်လေးဆိုသူမှာလည်း လေးနှစ်အရွယ်မျှဖြစ်၍ မဟုတ်ဘူးဟု အမှန်အတိုင်း ငြင်းဆိုခဲ့လျှင် အပျိုပေါက်ဝင်းကြည်က ယုတ္တိယုတ္တာနှင့် နိုင်အောင်ပြောမည် ဖြစ်ပေ၏။

တစ်အိမ်လုံးတွင် မောင်လေးမှာ အငယ်ဆုံးဖြစ်၍ ဝင်းကြည်မှာ မောင်လေးကို ကောင်းမွန်စွာ စကားရည်နိုင်သဖြင့် သူ့ခမျာ မဟုတ်ဘဲနှင့် ခံရပေါင်းများချေပြီ။ ယခုမူကား ကြီးလေးသော အပြစ်ကို ခံရချေတော့မည်။

ဦးတုတ်ပေါသည် ဝင်းကြည်၏အဖြေကို ကြားလျှင်ကြားချင်း...

"မောင်လေးရေ ... ဟေ့ မောင်လေး..."ဟု ကုန်း၍ ခေါ်လေ၏။

မောင်လေးသည် အဘိုးခေါ်သံကို ကြား၍ မုန့်ကျွေးမည်ထင်ကာ အပြေးလာခဲ့လေ၏။ လှေကားထစ်ဆုံးအောင် မတက်ရမီ ဦးတုတ်ပေါသည် ချိုင်းကမြှောက်ယူပြီး "ဓာတ်မီးခြစ် ဆော့ရမလား ... ဆော့မလား ..."ဆိုကာ အပြင်းအထန် ရိုက်လေ၏။

မောင်လေး နာလွန်းလှ၍ ပွက်လောရိုက်အောင် ငိုလေ၏။ သုံးအိမ်ကျော်လောက်၌သွား၍ မိန်းမချင်းစုပြီး အတင်းပြောနေသော မောင်လေး၏မိခင် မခြခင် ကြားသဖြင့် အဖော်တစ်စုနှင့် အပြေးကလေး လာကြလေ၏။

"အမယ်လေး ... အဖေ ဘယ့်နှယ်လုပ်တာလဲ။ ကျွန်မသားကလေးကို မရိုက်စဖူး ရက်စက်လှချည်လား"ဟုဆိုကာ အတင်းဆွဲယူထားမှ လက်လွှတ်လိုက်တော့၏။

ဦးတုတ်ပေါသည် မောင်လေး ဓတ်မီးခြစ်ယူဆော့ပြီး မီးစာဆွဲမြှင့်ထား၍ မိမိနှုတ်ခမ်းမွေးကို လောင်ကုန်ကြောင်း ပြောဆိုပြသရာ မိန်းမတစ်စု

mgyoe.com

မှာ ငိုအားထက် ရယ်အားသန်ကြကုန်၏။

သို့သော် ကြာကြာမရယ်ဝံ့ကြ၊ စိတ်နှလုံးထိခိုက်လှသော ဦးတုတ်ပေါ၏ မျက်နှာထားကြောင့် မျက်နှာပိုးသတ်ကြရကုန်၏။

ဦးတုတ်ပေါသည် မိမိမြတ်နိုးလှစွာသော နှုတ်ခမ်းမွေးကြီး ဆုံးရှုံးရခြင်းနှင့် ဒေါသအလျောက် မရိုက်စဖူး မြေးကလေးကို ရိုက်မိခြင်းတို့ကြောင့် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပက်လက် မျက်ရည်များကျလာ၍ အရေရှုံ့တွနေသော လက်မောင်းကြီးနှင့် သက်ငယ်ပျစ်နှင့်တူသော မျက်ခုံးမွေးကြီးများအောက်ဝယ် စေးထန်းထန်းမျက်ရည်တို့ကို သုတ်ကာ အိပ်ခန်းသို့ ဝင်သွားလေ၏။

✱

ထိုနေ့မှစ၍ ဦးတုတ်ပေါသည် သူ၏နှုတ်ခမ်းမွေးကြီးအတွက် မစားနိုင် မသောက်နိုင်ဖြစ်ကာ ဝေးနီးခြောက်စပ်မှ မိတ်ဆွေဆွေမျိုးများထံ စာဖြင့်လည်းကောင်း၊ လူကြုံဖြင့်လည်းကောင်း မိမိနှုတ်ခမ်းမွေးကြီး ဆုံးရှုံးရကြောင်းကို အကြောင်းကြားလိုက်လေ၏။

ထိုမိတ်ဆွေ၊ ဆွေမျိုးတို့လည်း မနေသာတော့ဘဲ ထူးထွေတည့် အံ့ရာသောကို လာရောက်မေးမြန်းကြကုန်၏။ ထိုသူတို့သည် သူ၏နှုတ်ခမ်းမွေးအတွက် အိပ်ရာထဲမှနေ၍ ရေးကြီးခွန်းကျယ် ပြောနေပုံနှင့် သူ၏ မီးလောင်ပြီးနေသော နှုတ်ခမ်းကိုကြည့်ကာ သူမမြင်အောင် ရယ်ကြလေ၏။ သူ၏မျက်မှောက်တွင်မူကား မရယ်ဝံ့။ မသာအိမ်လာသူများကဲ့သို့ ဝမ်းနည်းဟန်ဆောင်ရလျက် မောင်လေး အမိုက်ကလေး မကောင်းကြောင်းကိုသာ ဝင်းကြည် စကားအရ ရိုးမယ်ဖွဲ့နေကြရ၏။

ထိုနှုတ်ခမ်းမွေးမီးလောင်မှုကြီးကား ဤကဲ့သို့ပင်လျှင် ဝင်းကြည် စကားအရ မောင်လေးကိုသာ အပြစ်ဆိုနေကြခြင်းဖြင့် ပြီးစီးသွားလိမ့်မည်ဟု အောက်မေ့ခဲ့ကြ၏။ ဦးတုတ်ပေါ၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့မှ ပင်ရှင်ရစုံထောက်ကြီး ဦးဇော်ဝင်းရောက်လာမှပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြန်လေ၏။

စုံထောက်ဦးဇော်ဝင်း၏ ယူဆချက်မှာ ဤနှုတ်ခမ်းမွေးကြီးကို ချွတ်ချွတ်ချုံးအောင် လောင်ခြင်းသည် မီးစာရှည်နေရုံနှင့် မလောင်နိုင်၊ တစ်စုံ

mgyoe.com

တစ်ယောက်သောသူသည် တစ်နည်းတစ်ဖုံအားဖြင့် တမင်သက်သက် စီမံထားဟန်တူကြောင်း၊ မိမိ အတိအလင်းပြောရလျှင် မောင်လေးမဟုတ်၊ မောင်လေးထက် အသက်များစွာကြီးသူ(ကျားမ မခွဲ)တစ်ယောက်(သို့မဟုတ် တစ်ယောက်ထက်ပို၍)သည် ဦးတုတ်ပေါအိပ်နေစဉ်တွင် ပထမ မီးစာကို ဆွဲထုတ်ပြီး၊ ဒုတိယ နှုတ်ခမ်းမွေးကို (သို့မဟုတ် ဆေးလိပ်တိုကိုပါ) ဓာတ်ဆီလောင်းလိုက်လေသည်။ နောက် ရုတ်တရက် ရှောင်သွားသည်။ ထို့ကြောင့်သာ ထိုနှုတ်ခမ်းမွေးကြီးကို ပြုတ်ပြုတ်ပြုန်းအောင် လောင်ကျွမ်းရသည်ဟု ပြောဆိုလေ၏။ ထိုစကားကို ကြားလျှင် ဦးတုတ်ပေါသည် ရုတ်တရက် အိပ်ရာထဲမှ ထထိုင်ကာ...

"အမယ်လေး စုံထောက်ဉာဏ်များ တယ်စူးရှပါလား...။ ဒါဟုတ်ရမယ်၊ ဒါကြောင့် အိပ်ရာကနိုးတော့ ကျုပ်နှုတ်ခမ်း အေးစိမ့်စိမ့်ဖြစ်နေတာပဲ။ ဟုတ်ပြီ ... ဟုတ်ပြီ။ ဦးဇော်ဝင်း စုံထောက်စမ်းပါ။ ဒီတရားခံပေါ်ရင် ကင်ပေတိုင်မှာ အလုပ်လုပ်နေတဲ့ ကျုပ်သားကို ပြေးပြီး ကြီးလေးသော၊ မတန်တဆသော အပြစ်ကို ပေးခိုင်းပါ့မယ်"ဟု ကြိမ်းဝါး ပြောဆိုလိုက်လေ၏။

မီးလောင်စဉ်၌ အိမ်မှာရှိနေသူတို့ကို စုံစမ်းရာ (၁)အစေခံမလေး ဝင်းကြည်၊ အသက် ၁၅ နှစ် ၆ လ။ (၂) မောင်ဖြတ်စ၊ ၂၁ နှစ်နှင့် ၃ လ။ ဦးတုတ်ပေါ၏သမက်ဖြစ်သူ ကိုဘနိုင်၏တူ၊ ရောဂါဟောင်း ပြန်ထ၍ အိပ်ရာထဲ လဲနေရသူ။

ဤနှစ်ယောက်အနက် ဒုတိယလူမှာ ထင်မြင်ယူဆဖွယ်ရှိနေ၍ စုံစမ်းကြည့်ရာ အောက်ပါအတိုင်း သိရ၏။

'ဖြတ်စ'ဆိုသည်မှာ အင်္ဂလိပ်ဘာသာမှ ဆင်းသက်လာသောအမည်ဖြစ်၏။ သူငယ်စဉ်က သူ့အမေ့လင်နှင့်တူလွန်း၍ အင်္ဂလိပ်လို Same chip ဟု ခေါ်ရာမှ မြန်မာလို တိုက်ရိုက်ပြန်လိုက်သောအခါ 'ဖြတ်စ' ဖြစ်လာ၏။

ထက်မြက်သော ယောကျ်ားတစ်ယောက်၌ (၁) အရက်သောက်ခြင်း၊ (၂) လောင်းကစားခြင်း၊ (၃) မိန်းမလိုက်စားခြင်း တည်းဟူသော ဝါသနာသုံးခုအနက် တစ်ခုခုကို ဝါသနာပါရမည်ဟု စာဆိုရှိရာ မောင်ဖြတ်စမှာ ထိုသုံးခုလုံးကို တင်းပြည့်ကျပ်ပြည့် ဝါသနာပါသူဖြစ်သောကြောင့် သူ့အိမ်မှာ သူ့ဒဏ်ကို မခံနိုင်တော့ဘဲ နှင်ထုတ်ထား၍ ဝါသနာချင်းတူသူ သူ့ဦးလေး ကိုဘနိုင်က ခေါ်ယူထားခြင်းဖြစ်၏။

mgyoe.com

ဦးတုတ်ပေါနှင့် ရန်စဆို၍ကား နောက်တစ်လလောက်က ဦးတုတ်ပေါ၏မြေး မော်လီ ခေါ် အပျိုမလေးလာစဉ်က မောင်ဖြတ်စက အတင်းလုပ်စကားပြောပြီး ဖက်နမ်းမိ၍ ဦးတုတ်ပေါက နာနာကြည်းကြည်းပြောဆိုဖူး၏၊

သို့သော် ဦးဇော်ဝင်းက သူ့ကို တီးခေါက်ကြည့်သောအခါမှ ယဉ်ကျေးစွာပင် ဦးမင်းထင်မြင်ယူဆချက်မှာ များစွာ လျော်ကန်သင့်မြတ်လှပါကြောင်း၊ သို့သော် အခြားလူတစ်စုံတစ်ယောက်၏ ပယောဂ မပါဘဲ သူကိုယ်တိုင်ပင်လျှင် သူ့ဟာသူ သုတ်သင်ချင်၍ ဉာဏ်ဆင်ပြုမူသည်လည်း ဖြစ်နိုင်ပါကြောင်း၊ အကြောင်းမှာ အချို့သော လူကြီးများသည် မိန်းမငယ်လေးများကို ယူချင်လာ၍ ကြီးရာမှ ငယ်ရွယ်နုပျိုလာအောင်ဆံပင်ကို ဆေးဆိုးခြင်း၊ နှုတ်ခမ်းမွေးတို့ကို ရိတ်ပစ်ခြင်းများကို တွေ့ဖူးပါကြောင်း ...။

ယခု ကျွန်ုပ်တို့၏ကျေးဇူးရှင် ဘိုးဘိုးပေါမှာလည်း ပုထုဇဉ်မှုဖြစ်၍ သူ့စိတ်မှာ မဖောက်မပြန်ဟု မပြောနိုင်ပါကြောင်း၊ သူ၏ နှုတ်ခမ်းမွေးမှာ အစဉ်သဖြင့် ဆွေဂုဏ် မျိုးဂုဏ်ကို အသားယူလာသည်ဖြစ်၍ အလိုအလျောက် ရိတ်ပစ်ရန်မှာ ခဲယဉ်း၍ ဉာဏ်ဆင်ပြုသည်လည်း ဖြစ်နိုင်ပါကြောင်း၊ အကုသိုလ် ဝင်လာကာ ရောဂါဟောင်းပြန်ထနေသူဖြစ်၍ ဤကဲ့သို့မကောင်းမှုကြီးကို မပြုဝံ့ပါကြောင်း စသည်ဖြင့်လည်း ချေင်စွာ ပြောပြလေ၏။

ဦးဇော်ဝင်း ကိုယ်တိုင်ပင် မောင်ဖြတ်စ ပြောသကဲ့သို့ နှုတ်ခမ်းမွေးဖြတ်ပြီး မိန်းမငယ်လေး ယူဖူးသူဖြစ်၍ ဤအမှုကို ဆက်လက်စုံစမ်းရန် ရွံ့ကွန့်တွန့်ဖြစ်နေစဉ် ပဲခူးမှ မိမိမယားအထွေးဆုံးကလေး လင်ငယ်နောက်လိုက်သွားကြောင်း သံကြိုးရောက်လာသဖြင့် အလျင်အမြန် ပြန်သွားလေ၏။

ပြန်ခါနီးတွင် မိတ်ဆွေဦးတုတ်ပေါမှာ နှုတ်ခမ်းမွေးအတွက် မအိပ်နိုင်မစားနိုင် အိပ်ရာထဲလဲပြီး ပိန်ချုံးနေသည်ကို သနား၍ နှုတ်ခမ်းမွေးကို အလျင်အမြန် နဂိုအတိုင်း ပြန်ဖြစ်ရန် ဂျာမနီပြည်မှလာသော ဆေးရှိကြောင်း ထိုဆေးမှာ သုံးခါမျှ သုတ်လိမ်းလိုက်လျှင် ဘိုးဘိုးအောင် ဆင်းလာပြီး တောင်ဝှေးဖြင့် ထိုးပေးလိုက်သကဲ့သို့ အုံသြဖွယ်ရာ ရတ်တရက်ချက်ချင်း နဂိုအတိုင်း ပြန်ဖြစ်လာမည်၊ ယခု ဂျပန်ခေတ်ပင်လျှင် လက်ကျန်များ ရှာ၍ ရနိုင်ကြောင်း၊ ပုလင်းပုံသဏ္ဌာန်မှာ ပုတုရှည်တေ ပြားတားလုံးတုံးဖြစ်၍ တံဆိပ်မှာ ကမ္ဘာပေါ်တွင် မဖြစ်ပေါ်သေးသော ကတ္တူးကတ္တခေါ် ခြေ ၄

mgyoe.com

ချောင်းရှိ အကောင်ရုပ်ဖြစ်၏။ ပုလင်းပတ်စက္ကူပေါ်တွင် မည်သည့်လူမျိုးမှ မဖတ်နိုင်သော စာကို ရေးထားကြောင်း စသည်ဖြင့် ဦးတုတ်ပေါ အိပ်ရာမှ ထအောင် ဥာဏ်ဆင်ပြီး မှာထားခဲ့လေ၏။

ဦးတုတ်ပေါမှာ ထိုစကားကို ကြားသည့်နေ့မှစ၍...

"ကျုပ် တိုးကြောင်ကလေးမှာကျန်တဲ့ လယ်တစ်ခိုင် ကုန်ချင်ကုန်ပါစေဗျာ။ ဒီဆေးကို မရရအောင် ရှာမယ်"ဟု ဆိုကာ အိမ်တွင် မနားတော့ဘဲ ရန်ကုန်နယ်တစ်ဝိုက် ဈေးရှိသမျှကို မြေလှန်စနစ်ဖြင့် ရှာလေ၏။ ထိုစဉ်အတွင်း၌လည်း ဝမ်းဆွဲသည့် ဒေါ်ဖွားတုတ်ကြီး ညွှန်ကြားထားချက်အရ နှုတ်ခမ်းမွေးနေရာကို ကြက်သွန် မပြတ်တိုက်ထား၍ သူ့အနားကပ်လျှင် ကြက်သွန်နံ့ တထောင်းထောင်း ထနေလေ၏။

*

ဤကဲ့သို့ မနားမနေ ရှာဖွေခဲ့ရာ ရက်ပေါင်းအတော်ကြာသောအခါတွင် သူ၏မရှိသောဆေးကိုကား မတွေ့၊ ရေကူး ကံဘဲ့ ဟိန္ဒူဗလီ၏နောက်ဖေး ကုလားနွားတင်းကုပ် နှစ်ခုအကြားရှိ ညဈေးကလေးတွင် အထက်ဖော်ပြပါ ပျားအုံတံဆိပ် ဘိဟိုက်ဘရန်ဒီတစ်ပုလင်းကို တွေ့လေ၏။

အမတ်ဖြစ်စဉ်ကပင် အရက်အကြောင်းကို ကောင်းကောင်းနားလည်ခဲ့သော ဦးတုတ်ပေါသည် မဆိုင်းမတွ ဈေးမဆစ်ဘဲ တရုတ်တစ်ယောက်နှင့် လုရွှဝယ်လိုက်လေ၏။

ဤမြူရှားပါးခက်ခဲသော အရက်ပုလင်းကို ကြဲကြဲဖန်ဖန် ရရှိ၍ မိမိနှုတ်ခမ်းမွေး ပေါက်ဆေးကို ရသလောက်နီးပါး ဝမ်းသာကာ ပယင်းရောင်အဆင်းကလေးကို ကြည့်ရှုလျက် ထိုယခင်အမတ်ဘဝတွင် ဤဘရန်ဒီမျိုးနှင့် မြူးထူးစဉ်က ဟိုတယ်မယ်လေးများ၏ ကချွဲကရအမူအရာကလေးများကို တွေးတောနေစဉ် ရုတ်တရက် မမျှော်လင့်သော မိမိသမီးမမြခင်၏ ခုနစ်လ ဗိုက်သည် မျက်စိထဲ၌ ကွင်းခနဲပေါ်လာသဖြင့် ရင်ထဲတွင် ဒိတ်ခနဲဖြစ်ကာ "ဟိုက် ... မဖြစ်ဘူး ... မဖြစ်ဘူး။ ငါသောက်လို့မဖြစ်ဘူး။ သူ မီးဖွားဖို့က အရေးကြီးတယ်။ ခါတိုင်း ကလေးတွေတုန်းက ဒါနဲ့ချည်းဖွားနေတာ။ သူ့ပေးမှပဲ။ အင်း ... သူ့ပေးလိုက်ရင် ဘယ်လောက်များဝမ်းသာမလဲလို့"ဟု တွေးတောကာ ရုတ်တရက်အမြန်အိမ်သို့ပြန်ခဲ့လေ၏။

mgyoe.com

mgyoe.com


အိမ်သို့ ရောက်လျှင်ရောက်ချင်း မိမိ ရှားရှားပါးပါး ရလာခဲ့သော ပစ္စည်းကို လက်ထဲမှမချမီ ဝမ်းသာအားရ ပြောဆို ကြွားဝါလိုက်ချင်လှသည်။ သို့သော် အိမ်၌ မမြခင်မရှိ။ အစေခံဝင်းကြည်နှင့် အသည်းအသန် ရောဂါထနေသော 'မောင်ဖြတ်စ'သာ ရှိသည်။ ထိုနှစ်ယောက်အနက် ဝင်းကြည်က ဘာမျှ နားမလည်၍ အကျိုးရှိမည်မဟုတ်။ နားလည်သောသူကို ပြမှသာ အသားပါမည်ဟု အကြံရကာ လူနာ၏အခန်းပေါက်ဝသို့သွား၍ "ဟေ့ ဖြတ်စ" ဟု ခေါ်လိုက်လေ၏။

မောင်ဖြတ်စသည် တစောင်းအိပ်နေရာမှ 'ခညာ'ဟု မသက်သာသော အသံဖြင့် ထူးကာ သူ၏ကိုက်ခဲလှသော ခါးတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဖိနှိပ်ရင်း သမင်လည်ပြန်လှည့်၍ ကြည့်လေ၏။ ပုလင်းကို ကိုင်မြှောက်ပြရင်း "ဟေ့ ဒီမှာကြည့်စမ်းကွ"

"ဘာလဲဗျ ... ကတ္တူကတ္တတံဆိပ် နှုတ်ခမ်းမွေးဆေး ရခဲ့ပြီလားဗျ"

"မဟုတ်ပါဘူးကွ။ ဘရန်ဒီလေ ... ပျားအုံတံဆိပ် ဘီဟိုက်ဘရန်ဒီ အစစ်ပေါ့ကွ"

ဘီဟိုက် ဘရန်ဒီအစစ်ဟု ကြားလိုက်လျှင်ပင် မောင်ဖြတ်စသည် ဘိုးဘိုးအောင် သိမ်ကြီးဈေး၌ ဆင်းပြီး ဇာဘော်လီတစ်ထည် အကြွေးဝယ်သည်ဟူသော သတင်းကိုကြားရသော အဒေါ်ကြီးတစ်ယောက်ကဲ့သို့ အံ့သြ လန့်ဖျပ်သော အမူအရာနှင့် အိပ်ရာမှ လူးလဲထကာ ကြားရသောအသံကိုပင် ပယုံကြည်နိုင်သော မျက်နှာထားဖြင့် "ဘာ ... ဘီဟိုက်ဘရန်ဒီအစစ် ... ကြံကြံဖန်ဖန်ဗျာ။ မဟုတ်တာကြီးကို ဒီလိုအခါကြီးမှာ။ ခင်ဗျားဟာ ကြမ်းပိုးဈေးက ပလာညင်းကြီးထင်ပါရဲ့"

"ပလာညင်းဆိုတာ ဘာလဲကွ"

"ပလာညင်းဆိုတာ ပုလင်းညာပေါ့ဗျ"

ဦးတုတ်ပေါ၏မျက်နှာမှာ ရုတ်တရက် တင်းမာခက်ထန်လာကာ "ဘာ ... မင်းက ငါ့ကို အညာမိရအောင် လူအမှတ်လို့လား။ မင်းတိုင်ပင်အမတ်လုပ်လာတဲ့အကောင်ကွ။ ဒီမှာကြည့်စမ်း၊ သံကြိုးခက်နဲ့ ထိပ်က ခဲတောင် မပွန်းသေးဘူး..."

ဒေါနှင့် မောနှင့် သွား၍ပေးလိုက်၏။

မောင်ဖြတ်စသည် သေသေချာချာ ကိုက်တွယ်ကြည့်ရင်း အမဲလိုက်

mgyoe.com

mgyoe.com


ခွေးကဲ့သို့ ပုလင်းကို အနံ့ခံကြည့်ကာ ရုတ်တရက် ခေါင်းထောင်လာပြီး 'ဟာ ... အစစ်ပဲဗျို့ ဘိုးဘိုး။ ဘယ်က ရခဲ့တာလဲ၊ တစ်လုံးတည်းလားဟင် ဘယ်လောက်ပေးခဲ့ရသလဲ" ဟု ဝမ်းသာအားရ မေးမြန်းကာ ရဟန္တာတစ်ပါး ကိုယ်ထင်ပြသည်တွင် ဖူးမြင်ရသကဲ့သို့ ဦးတုတ်ပေါ၏မျက်နှာကို ငေးမော ကြည့်ရှုနေလေ၏။

ဤတွင်မှ ဦးတုတ်ပေါမှာ အကျေနပ်ကြီး ကျေနပ်ကာ "ဟဲဟဲ ဟဲဟဲ ဒါ လူပါးပါကွ။ အစစ်မှန်းသိလို့ ဝယ်ခဲ့တာ၊ ရေကူးကကွ။ ၅၅ ကျပ်တည်း ပေးခဲ့ရတယ်။ နားမလည်တဲ့ ဟိန္ဒူကုလားဆီကမို့ပေါ့။ နားလည်တဲ့လူဆို ၁၀၀ ပေးတောင် ဘယ်ရမလဲကွ ..."

"ဘိုးဘိုးက သိပ်တော်တာပဲဟင်။ ကျွန်တော် ဘိုးဘိုးကို သိပ်ကျေးဇူး တင်တာပဲ။ ကျွန်တော် ဆေးလိုနေတာနဲ့ အဆင်သင့်ပဲ။ ကျွန်တော်သာ ဒါ သောက်လိုက်ရရင် ..."

မောင်ဖြတ်စ၏စကားမဆုံးမီ ဦးတုတ်ပေါ၏မျက်နှာမှာ ရုတ်တရက် ဘင်းမာခက်ထန်သွားပြန်ကာ "အောင်မာ ... အောင်မာ ... မင်းဖို့များ မှတ် နေလား။ ရာရာစစ ငါတောင် မသောက်ရက်ဘူး။ ငါ့သမီး မီးနေတော့ သောက်ဖို့ ယူလာတာ ပေး ... ပေး"

ပြန်၍မပေးဘဲ "ဘိုးဘိုးကလည်းဗျာ ... အန်တီဗိုက်က ခုမှ ခုနစ်လ လောက် ရှိသေးတာ။ နှစ်လလိုသေးတာပဲ။ ကျွန်တော် ဒါသောက်လိုက်လို့ ကျန်းမာလာတော့ အစားဝယ်ပေးမှာပေါ့ဗျ..."

"အောင်မာ မင်းလိုကောင်မျိုးလား ရှာရမှာ ဖာကျိုးရောဂါနဲ့ သေမယ့် မသာ။ ပေးပါကွာ ..."

"ဘိုးဘိုးကလည်း ရှာရင်ရမှာပေါ့ဗျ။ ဘိုးဘိုးတို့ ကတ္တူးကတ္တတံဆိပ် နှုတ်ခမ်းမွေးဆေးတောင် ရှာပေးပါဦးမယ်။ ဖျားစူးပါစေ့။ ဘိုးဘိုး နှုတ်ခမ်း မွေး မီးလောင်ကတည်းက ကျွန်တော် တစ်နေ့မှ စိတ်မကောင်းဘူး။ မမာနေ လို့သာ ... မာရင် ကြာလှပြီ ရှာပေးတာ"

"ဟေ့ဖြတ်စ၊ ချွဲမနေပါနဲ့ကွာ၊ ပေးစမ်းပါမြန်မြန် ..."

"ဘိုးဘိုးကလည်းဗျာ၊ ပြပြီးမှတော့ ပေးပါတော့ဗျာ။ ခွေးဝမ်းသာ အောင် လေလည်ပြသလို မလုပ်ပါနဲ့ဗျာ။ ငရဲကြီးတတ်ပါတယ်..."

ဦးတုတ်ပေါသည် သည်းမခံနိုင်တော့ဘဲ "ပေးကွာ"ဟု ဆိုကာ

mgyoe.com

mgyoe.com


အတင်း လု၍ ထွက်သွားလေ၏။

မောင်ဖြတ်စမှာ အားမနိုင်၍ မာန်လျှော့လိုက်ရကာ "ချီး ... အစဦး တော့ လာပြပြီးတော့ မပေးနိုင်ဘဲနဲ့ နှုတ်ခမ်းမွေးတင် မဟုတ်ဘူး၊ မျက်ခုံး မွေးကြီးပါ မီးရှို့ပစ်ဖို့ကောင်းတယ်။ ဒီ ဘရန်ဒီတော့လားကွာ ... မရရအောင် ခိုးသောက်မယ်"ဟု မကြားတကြား ရေရွတ်လိုက်လေ၏။

ဦးတုတ်ပေါ်မှာ မိမိ ခက်ရာခက်ဆစ်ရလာခဲ့သော ဘရန်ဒီကို လာ ရောက်ပြသကာ အသားယူကြွားဝါသွားရ၍ ကျေနပ်သလောက် နဂိုဓာတ်ခံ ရင့်သန်ခဲ့သော မောင်ဖြတ်စမှာ မသက်မသာ ရှိလှချေ၏။ အကြောင်းမူကား ညနေ ၆ နာရီတွင် ငါးကြော်၊ ခွေးတောက်ရွက်ဟင်းချိုနှင့် ဝင်းကြည် ထမင်း လာပို့သောအခါ ဖြတ်စမှာ မစားနိုင် မသောက်နိုင် ဒုက္ခတွေ့ရလေ၏။

လက်ရေဆေးကာ ငါးကြော်ကို ဖဲ့ဝါးလိုက်ပြီး ထမင်းတစ်လုတ်စား လိုက်ရာ မျို၍မကျ။ ဟော့ခနဲ လေလုန်လာလျက် ရင်ခံနေ၏။ ခွေးတောက် ရွက်ဟင်းချိုကို သောက်ချလိုက်ရာ လည်ချောင်းထဲ၌ နင့်ခနဲဖြစ်သွားပြီး အကြောင်းမထူး။ နောက်ထပ် စားချင်စိတ်မရှိ။ ဘာကြောင့်ပေလဲဟု စဉ်းစား လိုက်ရာ ပုလင်းတစ်လုံး မျက်စိထဲ၌ ကွက်ခနဲပေါ်လာပြီး "ဘရန်ဒီ ... ဘရန် ဒီ' ဘရန်ဒီ သောက်ချင်၍သာ ထမင်းမစားနိုင် ဖြစ်နေသည်ကို သူတွေးမိ လေ၏။

ဝမ်းထဲက ဟာသည်။ လေပျို့သည်။ ဆာသည်။ သို့သော် စားချင်စိတ် မရှိ။ လျှာလေးသည်။ သွားရည်စိုသည်။ ဗွန်းပန်းကန် ကိုင်လျှင် လက်တုန် နေ၏။ ဤကား ရေချိန်မကိုက်သေးသော အသောက်သမားတို့၏ ဒုက္ခ တည်း။

မောင်ဖြတ်စသည် အိပ်ရာထဲ လဲသည်မှစ၍ အရက်ဖြတ်ထားခဲ့ရာ ၅ ရက်မျှကြာသောအခါ နေနိုင် ထိုင်နိုင် ကျင့်သားရပြီး ဖြစ်ခဲ့၏။ ယခုမူ မီးခဲပြာဖုံးကို မှုတ်၍ပေးလိုက်သကဲ့သို့ ဦးတုတ်ပေါ်၏ ကရော်တိုက်မှုကြောင့် ဝေဒနာဟောင်း ပြန်ပေါ်လာခြင်းဖြစ်၏။ ခုနေအခါ၌ ဦးတုတ်ပေါ် ထိုပုလင်း ကိုင်၍ လာခဲ့ပါမူ ရိုက်၍ယူလိုက်မည်ဟု အောက်မေ့မိ၏။

သို့သော် ယခုအခါ၌ ထိုပုလင်းကိုရရန် ဘယ်နည်းနှင့်မှမဖြစ်သေး။ သစ် မရမီစပ်ကြား ဝါးပေါင်းကွပ်မှပဲဟု ကြံမိကာ ဝင်းကြည်ကို အသာလေး လက်ပြခေါ်လိုက်၍ လမ်းထိပ် လန်ဘားခေါက်ဆွဲဆိုင်တွင် ချက်အရက်

mgyoe.com

mgyoe.com

တစ်ပိုင်းနှင့် ဝက်နံကင် တစ်ကျပ်ဖိုး ဝယ်ရန် ရေဘူးကလေးနှင့် လွှတ်လိုက်ရလေ၏။

ထိုချက်အရက်ရောက်လာမှပင် ထမင်းကို မြိန်ယှက်စွာ စားနိုင်၍၊ စားပြီး ဗိုက်လေးလေးရှိသည်နှင့် တုံးလုံးလှဲကာ အိပ်လိုက်လေ၏။

သူ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ၊ "ဒါဖြင့် ဟန်ကျတာပဲ။ ဒီဘရန်ဒီ ငါဖို့ပေါ့" ဟူသော သူ့ဦးလေးကိုဘနိုင်၏ မူးသံကြီးကို ကြားမှ လန့်နိုးကာ ဘရန်ဒီအတွက် သူ့ဦးလေး သောက်ပစ်မည်ကို စိုးရိမ်တကြီးဖြစ်မိလေ၏။ ထိုအခိုက် မမြခင်၏အသံပေါ်လာလေ၏။

"အမယ်လေး မလုပ်ပါနဲ့ရှင်၊ ကျွန်မ မီးဖွားတော့ သောက်ဖို့ပါ၊ ပေးပါ ..."

"ဟဲဟဲ ... ဟဲဟဲ ... မင်းတို့က ဘာသောက်သောက်ဖြစ်တာ၊ သူ မီးဖွားဖို့က အရေးကြီးပါတယ်။ ပေးလိုက်ပါကွာ..."ဟု ဦးတုတ်ပေါ ပြောသံကိုပါ ကြားလိုက်ရ၏။

"ရော့ ... ရော့ ... ဒါဖြင့် ထားလိုက်၊ ကြောင်အိမ်ထဲ ထားလိုက်"ဟု ဆိုကာ ပုလင်းပြန်ပေးပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားလေ၏။

"ကိုနိုင် ... ဘယ်လဲ၊ လာ ... ထမင်းစားလေ၊ ထမင်းပြင်ပြီးပြီ"

"ဟာ ... မစားတော့ဘူးကွာ၊ ဗိုက်ပြည့်နေတယ်"

"ထမင်းဟင်းတွေ အလကားဖြစ်ကုန်တော့မယ်။ ကြက်သားကြော်၊ သရက်သီးသုပ်နဲ့ ခွေးတောက်ရွက်ဟင်းချိုလေးကလည်း ချိုကချိုနဲ့ ... စားလိုက်ပါ"

"မဆာတုန်း စား အပိုပေါ့ကွာ၊ ငါတစ်ရေးနိုးမှ စားမယ်၊ ထားလိုက် ... ထားလိုက်၊ အိပ်မယ်ကွာ၊ မင်းတို့လည်း စောစောအိပ်ကြ" ဟုဆိုပြီး သူ၏ အိပ်ခန်းဆီသို့သွားရင်း မောင်ဖြတ်စ၏အခန်းပေါက်တွင် ခေတ္တရပ်ပြီး "ဟော့ ...မောင်ဖြတ်စ အိပ်နေပလား၊ ဘယ့်နှယ်နေသေးလဲ မနေ့က ဆေးနဲ့ ဟန်ရဲ့လား"

"ဟန်ပါလိမ့်မယ် ... ထင်ပါရဲ့ဗျာ၊ အကြောအခြင်တွေ ကိုက်နေတာပဲ"

"အေးပေါ့ကွာ...၊ ဖာရောဂါဆိုတာ ဒီလိုပေါ့၊ သေနိုင်ပါဘူး"ဟုဆိုပြီး ထွက်သွားလေ၏။

ယနေ့ ကိုဘနိုင်၏အမူအရာမှာ ခါတိုင်းနေ့များနှင့် မတူချေ။ ခါတိုင်း

mgyoe.com

mgyoe.com


နေ့များတွင် အိမ်သို့ရောက်လျှင်ရောက်ခြင်း ရေချိုးထမင်းစားပြီး အရက်ရှိန်ပြန်၍ ပူအိုက်လာသဖြင့် အင်္ကျီတုံးလုံးချွတ်ခါ အိမ်ရှေ့ဧည့်ခန်းကြမ်းပြင်ပေါ်တွင် ကလေးတွေနှင့် ဖင်တကက်ခေါင်းခွ လူးလိမ့်ရင်း အိပ်ပျော်လေ့ရှိ၏။ တစ်ရေးနိုးမှသာ အိပ်ခန်းဝင်လေ့ရှိ၏။

ယနေ့မူကား ထမင်းမစားသေးဘဲ စောစောစီးစီး အိပ်ခန်းဝင်သည်။ အခြားသူများကိုလည်း စောစောစီးစီးအိပ်ခိုင်း၏။ ယခင်အခါများ၌ သူ တခြားမှ ထမင်းစားလာခဲ့လျှင် သူတို့ချန်ထားသော ထမင်းဟင်းများကို မဝတဝ စားရရှာသော ဝင်းကြည်အား စားခိုင်း၏။ ယခုမူ ဤသို့ မခိုင်း။ တစ်ရေးနိုးမှ ထစားမည်ဟု ထူးထူးခြားခြား ပြော၏။ ကေန္တ ... သူ တစ်ရေးနိုးတွင် ဘရန်ဒီ ထတွယ်ပြီး ထမင်းစားလိမ့်မည်ဟု သူ့ဦးလေးစိတ်သိသော မောင်ဖြတ်စ အတိအလင်း တွေးမိ၏။

သူ့အတွယ်ခံရိုးလား။ သူ့အရင်ဦးအောင် ထဆော်လိုက်မည်ဟု ဆုံးဖြတ်ကာ မောင်ဖြတ်စသည် အရက်သောက်သူတို့၏ထုံးစံအတိုင်း တရေးနိုး ရေဆာလှသည်နှင့် ရေနွေးစိမ်ဖန်ခွက်မျှ သောက်လိုက်ရာ အတွင်းအရက်ဓာတ်ခံနှင့် တွေ့သဖြင့် ပြန်၍ ရီတီတီဖြစ်လာပြီး အိပ်ပျော်သွားလေ၏။

*

သူ ဒုတိယအကြိမ် နိုးလာသောအခါ နာရီပြန်တစ်ချက်မျှ ရှိချေပြီ။ ဦးတုတ်ပေါ၏ဟောက်သံနှင့် ကလေးတို့၏အသက်ရှူသံမှတစ်ပါး ဘာမျှမကြားရတော့ချေ။ ဘရန်ဒီပုလင်းနှင့်ပတ်သက်သော အိပ်မက်ပေါင်းများစွာကို မက်ခဲ့၍ ဘရန်ဒီပုလင်းကို သတိရပြီး ရုတ်တရက် ထထိုင်လိုက်သည်။ သွား၍ခိုးသောက်ရန် ကြံစည်လိုက်၏။ ပုလင်းမှာ တစ်ဖက်အခန်း ကြောင်အိမ်ထဲတွင် ရှိနေ၏။ ထိုအခန်းတွင် ဝင်းကြည်တစ်ယောက် အိပ်သည်။ သို့သော် ကိစ္စမရှိ။ ဝင်းကြည်သည် ကာလနဂါးစံချိန်ကို ချိုးရန် လေ့ကျင့်နေသူဖြစ်၏။

ပုဆိုးကိုဝတ်၍ ထရန် ဟန်ပြင်သည်။ သူ့ဗိုက်အလွန်လေးလံ၍နေ၏။ အကြောင်းမူကား ညနေက သောက်ထားသော အရက်နှင့် နောက်ထပ် သောက်သော ရေနွေးစိမ်ဖန်ခွက်မှာ ဆီးအိမ်ထဲ၌ ပြည့်နှက်ပြွတ်သိပ်နေ၏။ အသာကလေး ဖင်ရွှေ့သွားကာ တစ်ဖက်ခန်းမှ မကြားအောင် နောက်ဖေး

mgyoe.com

mgyoe.com


ခွက်ထဲသို့ ခွေးထီးတို့၏နည်းဖြင့် စွန့်ထုတ်လိုက်၏။ ကိုယ်လက်အင်္ဂါ ပေါ့ပါး၍သွားကာ ထ၍ မိုးနက်၏ခြေလှမ်းမျိုးဖြင့် တစ်ဖက်ခန်းဆီသို့ လျှောက်သွားလေသည်။

ရက်အတော်ကြာစွာ လမ်းမလျှောက်ဘဲ နေခဲ့ရာမှ ညနေက ချက်အရက်ကလေး၏ တန်ခိုးကြောင့် ကောင်းမွန်စွာ လမ်းလျှောက်နိုင်ပေ၏။ အခန်းပေါက်ဝသို့ ရောက်လျှင်ပင် မြွေမြည်သံကဲ့သို့ စူးရှသော ဝင်းကြည်၏ အသက်ရှူသံကို ကြားရလေ၏။

လပြည့်ကျော် ၇ ရက်၏ ထွက်ခါစ မှုန်မွှားသော လရောင်ကလေးသည် ဝင်းကြည်၏ခြေရင်းဘက် ပြတင်းပေါက် မပွင့်တပွင့်ကလေးမှ ခဲခဲယဉ်း ယဉ်း ဝင်ရောက်ကာ ကြောင်အိမ်နံဘေးသို့ မသိမသာ အလင်းရောင်ကလေး ပက်ဖြန်းနေ၏။ မောင်ဖြတ်စသည် ထိုအလင်းရောင်ကလေးကို မှန်းဆကာ လာခဲ့၍ ကြောင်အိမ်တံခါးကို အသာကလေးဖွင့်ပြီး ဘရန်ဒီပုလင်းကို ကုန်း၍စမ်းမည်အပြုတွင် နောက်ဖေး မီးဖိုဆောင်ဘက် တံခါးဝမှ ရုတ်တရက် မည်းမည်းသဏ္ဍာန်ကြီးတစ်ခု ပေါ်လာသဖြင့် သတ္တိကောင်းသော မောင်ဖြတ်စမှာ ကုန်း၍မအော်မိရန် မနည်းချုပ်တီး၍ထားလိုက်ရ၏။

ထိုသဏ္ဍာန်ကား အခြားမဟုတ်၊ အကြံတူ၊ ဉာဏ်တူ နောက်ဖေးဆောင်မှ ကွေ့ပြီး ဖောက်တံနှင့် ဖန်ခွက်ကိုင်လာသော သူ၏ဦးလေး ကိုဘနိုင်ဖြစ်ချေ၏။

ကိုဘနိုင်သည် လရောင် မှုန်မွှားလေးကြောင့် မောင်ဖြတ်စ ပုလင်းကို ကုန်းယူမည်ပြုနေသည်ကို သိရ၍ ...

"ဟေ့ ... ဖြတ်စ၊ မင်းလည်းပဲ ..."ဟု နှုတ်ဆက်လိုက်ပြီးမှ မောင်ဖြတ်စမှာ သူ့ဦးလေးမှန်း သိရသဖြင့် အကြောက်ပြေသွား၏။ သို့သော် သူခိုးကြီးနှင့် သူခိုးလေးဖြစ်၍ ဘာမှမပြောနိုင်။ အူကြောင်ကြောင် ဖြစ်နေရာ ကိုဘနိုင်က တစ်ဖန်ဆက်၍ "လာကွာ ... အတူ နှိပ်ကြတာပေါ့၊ ငါလည်း မင်းအဒေါ်မသိအောင် ထလာတာကွ"ဟု ဆိုပြီး ဖန်ခွက်နှင့် ဖောက်တံကို ကြောင်အိမ်ပေါ်တင်လိုက်မှ အသက်ရှူဖြောင့်သွားကာ တစ်စုံတစ်ခုကို ပြန်ပြောလိုက်မည် အပြုတွင်..."ဟိုက် ... ဟိုက်"ဟု တူဝရီးနှစ်ယောက်စလုံး၏ ပါးစပ်မှ တစ်ယောက်တစ်ပေါက် အော်မိလေ၏။

အကြောင်းမှာ တစ်ဖက်မှ 'ဖျောက်'ဟု ဓာတ်မီးခလုတ်ဖွင့်သံနှင့်

mgyoe.com

mgyoe.com

တစ်ချိန်တည်း သူတို့ သူခိုးခန်းမှာ မီးထိန်ထိန်လင်းသွားသောကြောင့်တည်း။

နှစ်ယောက်သား တစ်ယောက်နှင့် တစ်ယောက် ကြက်သေသေနေပြီး တစ်ယောက်မျက်နှာ တစ်ယောက် အံ့အားသင့်စွာ ကြည့်နေရာမှ နဘေး တစ်ဖက်သို့ မျက်နှာလွှဲလိုက်ကြရာ "ဟင် ... ဟယ်..." ဟု နှစ်ယောက်စလုံး တစ်ယောက်တစ်ပေါက်စီ တစ်ဆက်တည်း ဒုတိယအကြိမ် အသံထွက်သွား ပြန်လေ၏။

ထိုအကြိမ်ကား အခြားမဟုတ်၊ သူတို့၏စိတ်တွင် မည်သို့မည်ပုံ ဖြစ်ပေါ်သွားသည်ဟု ထုတ်ဖော်မရေးနိုင်လောက်အောင် မမြင်စဖူး မကြည့်အပ်သော အရာဝတ္ထုပစ္စည်းတို့ကို တွေ့မြင်ရသောကြောင့်ဖြစ်သတည်း။

အကြောင်းမူကား ၁၅ နှစ်၊ ၁၆ နှစ် အရွယ်ရှိသော ဝင်းကြည်၏ အအိပ်ဆိုးပုံဖြစ်၏။

အကယ်၍သာ မယ်ဗမာ၊ မယ်ဒဂုံ ပြိုင်ပွဲရှိသကဲ့သို့ မယ်အအိပ်ဆိုး ပြိုင်ပွဲ ရှိလျှင်မူကား ဝင်းကြည်သည် မယ်အအိပ်ဆိုးဘွဲ့နှင့် စိန်ဘယက်ကြီး ကို ယူမည်မှာ သေချာလှတော့၏။

မကြာသေးမီက မမြခင်ဝတ်ပြီး ဟောင်းနွမ်း၍ ပေးဝတ်စေသော ပိုးတွန့်လုံချည်ကလေးမှာ ခါးတွင် ဂျင်ကြိုးသဖွယ် လိမ်ကျစ်ရစ်ခွေနေ၏။ အပေါ် ရင်စေ့အင်္ကျီမှာ နံဘေး၌ ချွတ်ပုံထား၍ သူနှင့်မတန် ပွရောင်းသော ရှင်မီးအင်္ကျီသည်လည်း လည်ပင်းတွင် စုပုံနေ၍ အရေးကြီးသော ဌာနေတို့ မှာ ဟာလာကျင်း၍ နေကုန်၏။

ပူအိုက်၍လား မသိ၊ ကိုယ်လုံးကို စင်းစင်းကြီး ပက်လက်လှန်ကာ ပေါင်တစ်ခုကို ဆန့်ထား၍ အခြားပေါင်တစ်ခုမှာ ၁၁ ပိုင်း နှစ်ပိုင်း ဒီဂရီမျှသာ စောင်း၍ ထောင်ထားလေသဖြင့် အပျိုပေါက်ဝင်းကြည်၏ ဝစ်လစ်စလစ် ပုံသဏ္ဌာန်မှာ တူဝရီးနှစ်ယောက်၏မျက်မှောက်တွင် လယ်ပြင် ဆင်သွားသကဲ့ သို့ ထင်ရှား၍နေ၏။

ဖယောင်းတိုင် ;ဝ အားရှိသော ဓာတ်မီးပွင့်၏အောက်တွင် အိပ်ပျော် နေသူ၏ ကိုယ်လုံးကိုယ်ပေါက် အလှပြပွဲကို တူဝရီးနှစ်ယောက်သား တစ် ယောက်ကိုတစ်ယောက် ဘာမျှမပြောနိုင်ဘဲ၊ မည်မျှလောက်ပင် စိတ်ဝင်စား နေသည်မသိ၊ "ဘယ်လိုများ ငြင်းချက်ထုတ်ကြဦးမလဲ"ဟု မမြခင်၏ ရည် ရွယ်ချက်အောင်မြင်သော အသံကို ကြားမှသာ ရုတ်တရက် လှည့်လိုက်ကြ

mgyoe.com

mgyoe.com


လေ၏။

"အမယ် ... ကျောင်းတုန်းက ဒရိမ်းဆင်းခဲ့တာတွေ မမေ့ကြသေးဘဲကိုး။ ကဲ ... ကျုပ်ချောင်းနေတာ ကြာလှပြီ၊ ဘယ်သူလဲဆိုတာသာ ပြောပေရော့ ..."

"ဟေ ... ဘာကိုလဲဟ"ဟု ကိုဘနိုင်သည် လန့်ဖျပ်ကာ အော်လိုက်၏။

"ဒါကိုရှင့် ... ဒါကို"ဟု မမြင်ခင်သည် ဝင်းကြည်၏ကိုယ်ထဲသို့ စူးဝင်သွားလောက်အောင် လက်ညှိုးငေါက်ဆတ်ဆတ် ထိုးပြလေ၏။

"ဟေ ..." "ဟ ..."ဟု တူဝရီးနှစ်ယောက်သား သံပြိုင်အော်ကာ ဘာမှုမသိသကဲ့သို့ ဝင်းကြည်ဘက်လှည့်ပြီး ကြက်သေသေနေကြပြန်၏။

"တော်ကြပါ၊ ကြည့်မနေကြပါနဲ့တော့၊ ဝပဲ မဝကြသေးဘူးလား...။ ကောင်မကလည်း အအိပ်ဆိုးလိုက်တာ၊ ငါ ပြောရ မကောင်းတော့ဘူး၊ ဒါကြောင့် ..."

"ဒါ့ကြောင့် ဘာဖြစ်သလဲဟ"

ကိုဘနိုင်က အံ့ဩစွာ မေးခွန်းထုတ်လိုက်၏။

"အမယ် ...၊ မသိချင်ယောင်ဆောင် မေးနေတာလား။ ရှင်းရှင်း ပြောရဦးမလား၊ ခု ... ဒီကောင်မလေးမှာ မမာမချာ ရှိနေပြီရှင့် ... သိကြရဲ့လား"

"ဟေ ..." "ဟ"ဟု နှစ်ယောက်သား တစ်ပြိုင်နက် တစ်ယောက် တစ်ပေါက် အော်ကြပြန်သည်။

"ဟေ ... ဟ တွေ လုပ်မနေကြနဲ့၊ ကိုယ့်မြင်းကိုယ်စီးလို့ ဘယ်ခရီးရောက်နေကြမှန်းမလိဘဲနဲ့ ဘယ်သူလဲဆိုတာသာပြော နှစ်ယောက်စလုံးပဲလား"

တူဝရီးနှစ်ယောက်သား "ဟိုက် ... ဟိုက် ..." နှင့် တစ်ယောက်တစ်ပေါက်အော်ကာ သူတို့၏ငယ်ထိပ်များသည် အထက်မျက်နှာကြက်ကို တက်၍ ဆောင့်မိသကဲ့သို့ ခေါင်းကိုပွတ်နေကြလျက် တစ်ယောက် တစ်ယောက် မယုံကြည်သော မျက်လုံးတို့ဖြင့် ကြည့်ကြလေ၏။

ဦးလေးကလည်း တူကို ထင်၏။ တူကလည်း ဦးလေးကို ထင်၏။ သို့သော် ဤနေရာမျိုး၌ လျှာသွက်လှသော မောင်ဖြတ်စက ..."ဒေါ်ဒေါ် ... ကျွန်တော် မဟုတ်ဘူး" ဟု ဦးအောင်ငြင်းလိုက်၏။

"ဟိတ် ... ငါလည်းမဟုတ်ဘူး"

mgyoe.com

ကိုဘနိုင်က ငြင်းလိုက်ပြန်၏။

"ဘာ ... ရှင်က မဟုတ်ဘူးလဲ၊ ခုနက ရှင်ပြောထားတာပဲ၊ 'လာကွာ ... အတူတူနိပ်ကြတာပေါ့၊ ငါလည်း မင်းအဒေါ် မသိအောင် ထလာတာ' ဆိုတာ ဘာလဲ၊ ကျုပ် မကြားဘူး မှတ်လို့လား၊ ဒါ ... ဒွတ္တဘောင်မွေးဖို့ သရေခေတ္တရာပြည် မဟုတ်ဘူးရှင့်၊ ကျုပ်အဖေအိမ်၊ နားဆတ်ဆတ်ကြားတာ တောင် ကွယ်တုန်းပဲ"

"ဟာ ... ငါပြောတာ ဒါကိုမဟုတ်ဘူးဟ..."

"ဒါမှမဟုတ်လို့ ဘယ်ဟာများ ရှိသေးလို့လဲ၊ ရှင့်ကိုယ်က လွန်လွန်းတယ်၊ ကိုယ့်မယားလည်းရှိသားနဲ့၊ ကောက်ရိုးမလောက် မြက်မလောက်..."

"ဟော့ ... တော်၊ ငါ မဟုတ်ဘူးဆိုနေတာ ..." ကိုဘနိုင်သည် မျက်မှောင်ကုတ်၍ အော်လိုက်၏။

မမြခင်လည်း ပိုမိုဒေါပွလာကာ နှုတ်ခမ်းကို တင်းပြီး သွားချင်း ကျစ်ကျစ် မြည်အောင် ကြိတ်ကာ မျက်လုံးကို ဖြုထုတ်လျက်–

"ဟင်း ... ရှင် ငြင်းတုန်းပဲလား၊ ခုတောင် ရှင်တို့လူမျိုးက ဟိုဒင်းပြုရင်းမိနေတောင် တကူကူးစီးတာပါ ပြောဦးမှာ..."ဟု ခပ်ရိုင်းရိုင်းဝင့်ယှဉ်လိုက်၏။

ကိုဘနိုင်လည်း စိတ်ဆိုးသည်မှတစ်ပါး ချေချေငံငံ ပြောစရာ အကြောင်းမရှိ။

"ဟော့ ... တော် တန် တိတ်၊ နင် တယ်ရိုင်းပါလား"ဟုသာ အော်လိုက်ရ၏။

"ကဲ ...ကဲ၊ မဟုတ်ရင် အချိန်မတော်ကြီး ရှင်...ဒီအခန်းထဲ ဘာပြုလို့ ရောက်နေတာလဲ၊ ဒီသေခဲတဲ့ ဖာကျိုးကရော" ဟု မောင်ဖြတ်စဘက်သို့ လှည့်၍ မေးခွန်းထုတ်လိုက်၏။

မောင်ဖြတ်စလည်း ဉာဏ်ဆင်ကာ စိတ်မလုံ့တလုံနှင့်...

"ကျွန် ... ကျွ ့ုတော် တခြားတစ်ပါးသွားမလို့ နောက်ဖေး ထွက်ရအောင် ..."

"ဘာ ... နင် နောက်ဖေး ထွက်ရအောင်လဲ၊ ခါတိုင်းတော့... အခန်းထဲမှာချည့် ခွက်နဲ့သွားနေပြီးတော့ ..."

မမြခင်က ဖြတ်၍အော်လိုက်၏။

mgyoe.com

mgyoe.com

မောင်ဖြတ်စလည်း လန့်ဖျပ်ကာ...

"မ ... မ ... မဟုတ်ဘူးခင်ဗျ ... ဒီ"

"ဘာ မဟုတ်ဘူးခင်ဗျာ့လဲ၊ မမာနေရာကတောင်"

"မ ... မဟုတ်ဘူးခင်ဗျာ့၊ ဒီလိုခွက်ထဲမှာချည်း သွားနေရတာ ယူပစ်လား၊ ငင်ပစ်လားနဲ့ အားနာလို့ ..."

"ဘာ အားနာလို့လဲ၊ ခါတိုင်းတော့ မနာဘူး၊ ခုမှထူးပြီး"

"မ ... မ ... မဟုတ်ဘူးခင်ဗျာ့"

"ဘာ ... မဟုတ်ဘူးခင်ဗျ၊ လာပြန်ပလား"

"မလာပါဘူးခင်ဗျ၊ ခုညတော့ မနေ့ကသောက်တဲ့ ဆေးကလေးနဲ့ တည့်လို့ နေကောင်းထိုင်သာရှိတာနဲ့ လူများကို ဒုက္ခမရှာပါဘူးလေ၊ ကိုယ့်ဟာကိုယ် နောက်ဖေးသွားနိုင်သားနဲ့ဆိုပြီး ထွက်လာခဲ့တာ ... ဦးလေးနဲ့တွေ့တာပဲ" ဟု ပြောလိုက်ရာ မမြခင်သည် ကိုဘနိုင်သို့ တစ်ဖန်လှည့်ပြီး ...

"ကဲ ... ရှင်ကရော ဘာလာလုပ်တာလဲ ဝါစမ်းပါဦး"

"ငါလည်း နောက်ဖေးသွားမလို့ လာခဲ့တာ"

"ဘာ ... ရှင်နောက်ဖေးသွားရင် ဒီအခန်းကသွားရမှာလား။ ကိုယ့်အိပ်ခန်းကနေပြီး နောက်ဖေး တိုက်ရိုက်သွားနိုင်သားနဲ့ ဝါရင်လည်း ယုတ္တိရှိအောင် ဝါ သိရဲ့လား ..."

ကိုဘနိုင်သည် မောင်ဖြတ်စကို သံယောင်လိုက်၍ ဝါရာ သူ့အပြောမှား နေ၏။ အမှန်မှာ ဤအခန်းသည် သူတို့အိမ်ခန်း၏ ခြေရင်းဘက်၌ နောက်ဖေး သွားလိုလျှင် ဤအခန်းသို့ လာစရာ မလို။ မောင်ဖြတ်စ၏အခန်းသာ အိမ်ရှေ့ဘက်ကျနေ၍ ထိုအခန်းမှ ဖြတ်လာရ၏။

သို့သော် သူလည်း ဂျပန်၏အဝယ်တော် လုပ်နေသူဖြစ်၍ အလိမ်အဝါ ဉာဏ် မခေ။

"ငါ စက္ကူယူရအောင် လာတာ"ဟူ၍ ထပ်ကွန့်လိုက်လေ၏။

"အောင်မာ၊ အိမ်သာထဲမှာ စက္ကူတွေ တစ်ပုံကြစ်ခေါင်းကြီး အမြဲရှိတယ်ဆိုတာ အသိသားနဲ့၊ လျှာအရိုးမရှိတိုင်း လျှောက်ညာမနေနဲ့။ ခုကောင်မလေးမှာ ထင်ထင်ရှားရှား ဖြစ်တော့မယ်။ ကျုပ်က လူပါးရှင့်၊ ကြက်သွန်ခွံထက် ပါးသေးတယ်။ အဲဒါ အကဲခတ်ပြီး ချောင်းနေတာ ကြာလှပြီ။ ခုမှ ပိတ်မိလျက်သား မိတော့တယ်။ ရှင်တို့နှစ်ယောက်ထဲက တစ်ယောက်

mgyoe.com

mgyoe.com

ယောက်၊ ဒါမှမဟုတ် နှစ်ယောက်စလုံးပဲလား"

ဦးလေးကလည်း တူကို မင်းလား ဟူသော မျက်လုံးဖြင့် ကြည့်၏။ တူကလည်း ဦးလေးကို ထိုနည်းအတူ ကြည့်၏။

"ငါတော့ မဟုတ်ပါဘူးဟယ် ... ကျမ်းကျိန်ပြောရဲပါတယ်"

"ကျွန်တော်လည်း မဟုတ်ပါဘူးဗျာ။ မမာနေတာ ဒေါ်ဒေါ် အသိသားနဲ့ ..."

"အံမာ၊ ရှင်တို့နှစ်ယောက်ကမှ မဟုတ်ရင် ကောင်မလေးလည်း အိမ်က တခြား အပြင်ထွက်ရတာ မဟုတ်ဘူး။ တစ်အိမ်လုံး ကျုပ်အဖေနဲ့မှ ယောကျ်ား ၃ ယောက်ရှိတာ၊ ကျုပ်အဖေကိုများ လွှဲချချင်ကြသေးသလား"

"ဒီလိုဆို ... သူ ဟုတ်ချင်ဟုတ်မှာပေါ့" သွက်လက်သော မောင်ဖြတ်စက ပြောလိုက်၍ ကိုဘနိုင်ကလည်း ထောက်ခံသောမျက်လုံးဖြင့် ကြည့်၏။

"ဟေ့ ... ဟေ့၊ ငါတော့ ဆွဲမထည့်ကြပါနဲ့ကွာ၊ ငါ လူကြီးပါ။ အသက် ၆၀ ကျော်နေပါပြီ..."ဟု ဦးတုတ်ပေါသည် အိမ်ရှေ့ခန်းမှနေ၍ ကာကွယ်လိုက်၏။ သူသည် မီးဖွင့်ကတည်းက အိပ်ရာမှနိုးနေ၍ အခန်းထဲမှ ပြောသမျှကို အကုန်ကြားနေ၏။

"ဘိုးဘိုး၊ ခင်ဗျား ပုလင်းတစ်လုံးတော့ နိုင်သေးတယ်မဟုတ်လား"

မောင်ဖြတ်စက တောလိုက်၏။

"ဟေ့ ... ဒါက ... ဘာဆိုင်လဲကွ၊ ကျန်းမာရေးအတွက် သောက်တာ"

"ခင်ဗျား သောက်တာကို ပြောနေတာမဟုတ်ဘူး၊ ပုလင်းတစ်လုံးဟာ ဖွဲဆယ်ဆုပ်မက လေးတယ် မဟုတ်လား ..."

ဦးတုတ်ပေါမှာ အဓိပ္ပာယ်မသိသေးဘဲ

"အိုး ... ဒါဘာဆိုင်လဲကွ"

"ဆိုင်ပြီလားဗျ။ ယောကျ်ားဆိုတာ ဖွဲတစ်ဆုပ်မနိုင်မှ ဒါမျိုး လျှော့သတဲ့"

ဦးတုတ်ပေါမှာ ယခုမှ အဓိပ္ပာယ်ပေါက်သွားပြီး အကြီးအကျယ် ဒေါပွလာကာ ...

"အမယ် ... မင်းကများ ငါ့ကို မလေးမခန့်နဲ့"ဟု ဆိုပြီး အိပ်ရာမှ ထလာလေ၏။

"အဖေ ...အဖေ၊ ဒီမလာနဲ့၊ ဒီမှာ အမြင်မတော် အထင်မတော် ..."

mgyoe.com


ဟောဒီကောင်မ အိပ်ပုံက” ဟု သမီးက တားလိုက်မှ ရပ်တန့်သွား၏။

အကြောင်းမှာ အနား၌ ဆူညံစွာ ပြောဆိုနေကြသော်လည်း ကာလနဂါး၏ ရက်ကော့ဒ်ကို ချိုးမည့် ဝင်းကြည်မှာ မနိုးသေး။ နောင် အအိပ်ဆိုးပြိုင်ပွဲပြုလုပ်ပါက စိန်ဘယက်ကို ယူရန် လေ့ကျင့်နေတုန်းပင်ဖြစ်သည်။

မမြခင်လည်း လင်နှင့်တူကို စစ်ဆေးနေရသည်နှင့် သူ့ကို မပြုပြင်ရသေး။ ဦးတုတ်ပေါ ဝင်ရောက်လာမည်ပြုမှပင် သတိရလာကာ ဘာမသိညာမသိ အိပ်နေရှာသူအား ခွေးကန်သလို ကန်ပြီး ...

'ဟဲ့ ... ကောင်မ ထ၊ ထမီ ဝတ်၊ အအိပ်ဆိုးလိုက်တာက။ တယ် ... လေညှင်းခံလို့ ဖိမ်ရှိနေပေါ့လေ ...”

နောက်တစ်ချက် ထပ်ကန်လိုက်ပြန်၏။ သို့သော် မနိုးသေး။ အိုးအိုးအင့်အင့်သာ လုပ်နေ၏။

ခများမှာ များစွာ ပင်ပန်း၏။ တစ်နေ့လုံး အအားမနေရ။ နံနက် စောစောထ ရေနွေးတည်၊ ကော်ဖီကျို၊ ဈေးပြေး၊ ရေခပ်၊ ထမင်းဟင်းချက်၊ စားသောက်ဆေးကြောပြီး ကလေးသုံးယောက်နှင့် လူကြီးလေးယောက်၏ အဝတ်ကို လျှော်ပြီး ကြမ်းတိုက်၊ နောက် နေ့ခင်းကော်ဖီဖျော်၊ အဝတ်တွေ မီးပူတိုက်၊ ညစာထမင်းချက်၊ စားသောက်ဆေးကြောပြီး တစ်အိမ်လုံး တံမြက်စည်းလှည်း၊ အိပ်ရာအားလုံးခင်း၊ ဦးတုတ်ပေါနှင့် မမြခင်ကို တစ်လှည့်စီ နင်းပေး။ ည ၁၀ နာရီ ၁၁ နာရီလောက်မှ အိပ်၊ “သြော် ... ဒါလောက် ပင်ပန်းနေလျက်သားနဲ့တောင် ကောင်မလေး ဒီလောက်ဝသေးသကိုး”ဟု အောက်မေ့ခဲ့ကြရာ၊ ခုနင်က မမြခင်ပြောမှသာ “သြော် ... ဒါကြောင့်ကိုး” ဟု ရိပ်မိကြတော့၏။

နောက်တစ်ချက် ကန်လိုက်ပြန်၏။ ဤအချက်မှာကား ဘောလုံးချန်ပီယံ၏ စံချိန်ကို မီဟန်တူသည်၊ ဝင်းကြည်မှာ မနေနိုင်တော့ဘဲ “အမယ်လေးရှင့်”ဟု အော်ကာ ထထိုင်ပြီး လုံးကျစ်နေသော ထမီကို ခဲခဲယဉ်းယဉ်း ဖြည်၍ ဝတ်နေလေ၏။

“ဟဲ့ ... ကောင်မ ပြော၊ နင့်ဆီ ညည ဘယ်သူလာသလဲ”

ခြေနှင့်ရွယ်ရင်း မေးလိုက်၏။

“အမယ်လေး ... မကန်ပါနဲ့တော့ မမရဲ့၊ ဘယ်သူမှ ...”

“ပြော ... မှန်မှန်”

တစ်ချက်ကန်လိုက်ပြန်၏။

mgyoe.com

mgyoe.com


"အမလေး ... ပြောပါ့မယ်မမရဲ့၊ ကိုမောင်ခင် ..."

"ဘာ ... ဘသူ၊ ဘယ်က ကိုမောင်ခင်လဲ၊ ဖြတ်စမဟုတ်လား"

"အမယ်လေး ... ကျုပ်ဆွဲမထည့်ပါနဲ့ဗျာ။ မောင်ခင်နဲ့ဖြတ်စ နာမည်ချင်း တစ်ဂါဝုတ်လောက် ကွာပါတယ်"

"မဟုတ်ဘူး မမရဲ့..."

"ဒါဖြင့် ... နှင့်ဦးကြီးနိုင်လား"

"အိုး၊ ငါ့ကိုဆွဲထည့်ပြန်ပြီ၊ နှင့်အဖေတဲ့ဟယ်၊ ကဲ ... ပြောလိုက်စမ်း ... ဘိုးဘိုးကြီးရယ်လို့"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ၊ ပြော..."

"ဘယ်သူမှ မဟုတ်ဘူး"

"ဘာ နှင်ကလိမ်ပြန်တာလဲ၊ ခုနကပြောတဲ့ ကိုမောင်ခင်ဆိုတာက ဘယ်သူလဲ..."

"ဒါက မြင်းလှည်းမောင်းတဲ့ကိုမောင်ခင်။ ညဦးက သူ့မြင်းမလေး တိုးစိန်ကို ခြံဝင်းထဲလာမောင်းတာ ပြောတာ..."

"ဒါကိုမဟုတ်ဘူး၊ ညည နှင့်ဆီလာပြီး အိပ်တဲ့ လူကို မေးတာ..."

"ဘယ်သူမှ လာမအိပ်ဘူး..."

"ဟဲ့ ကောင်မ ပြော။ ဖုံးမနေနဲ့။ နှင့်ကိုယ်နှင် ဘာဖြစ်နေလဲဆိုတာ သိရဲ့လား။ နှင်က မသိဘူးမှတ်ပြီး ဖုံးနေတာလား"

"သိပါတယ် မမရဲ့။ ကျွန်မအိပ်နေရင်း လုံချည်ကျွတ်နေလို့ မမက လုံချည်ဝတ်ဆိုလို့ ဝတ်ပြီး ဖုံးလိုက်ရပါတယ်..."

တူဝရီးနှစ်ယောက် ရယ်ချင်လာ၏။ မမြခင်မှာ ဒေါသတုန်းပင်...

"ဒီကောင်မ အိပ်မှုန်စုံမွှားနဲ့ တွေ့ကရာ လျှောက်ပြောနေတယ်။ မေးတာလည်း နားလည်တာ မဟုတ်ဘူး။ မနက်မှ သေသေချာချာ မေးပြီး ဥစ္စာရှင်ရော ဘာရော အတူ အိမ်ကနှင်ပစ်ရမယ်"ဟု မောင်ဖြတ်စကို အနည်းငယ် မျက်စောင်းထိုး၍ ပြောလိုက်၏။

"လာကြ ... လာကြ မနက်မှ ဆက်စစ်ပြီး အိမ်က နှင်ပစ်ရမယ်။ နှင်ပစ်မှ ထားလို့မဖြစ်ဘူး" ဟု ဆိုကာ ရှေ့မှထွက်သွားလေ၏။

တူဝရီးနှစ်ယောက်လည်း နောက်မှ ကျီးကြည့် ကြောင်ကြည့် လိုက်

mgyoe.com

mgyoe.com


လာကာ ကိုဘနိုင်က မောင်ဖြတ်စနားကပ်၍...

"ဟော့ ဖြတ်စ မင်းနဲ့လား ..."

"မဟုတ်ဘူးဗျ ... ဘုရားစူးရစေ့"

"ဒါဖြင့် ဘယ်အကောင်များ အချောင်အုပ်သွားပါလိမ့်"

"အိမ်ကအဘိုးကြီးလားမှမသိတာ"

လူချင်းကွဲသွားကြလေ၏။ ဝင်းကြည်ကား ဘာမျှနားလည်ဟန် မတူ။ အားလုံးထွက်သွားကြလျှင် တုံးလုံးလှဲပြီး ပြန်၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားပြန်လေ၏။

*

အိပ်ခန်းအသီးသီးသို့ ပြန်၍ ရောက်ကြသော်လည်း တော်တော်နှင့် အိပ်မပျော်ကြသေးချေ။ ကိုဘနိုင်တို့အခန်းမှ တီးတိုးဆူပွက်ငြင်းဆိုသံများကို ကြားရလေ၏။

မောင်ဖြတ်စလည်း ဤမရည်ရွယ်ဘဲ လှည်းကျိုးထမ်းရမည့်အမှုကို မစဉ်းစားဘဲ မနေနိုင်။

"ကောင်မလေးဟာ တော်တော်ကြာ ထင်ထင်ရှားရှား ဖြစ်တော့မယ်" ဆိုသော သူ့အဒေါ်၏စကားကို တွေးမိ၏။ သည်အတိုင်းမှန်လျှင် တရားခံတစ်ယောက်ယောက်တော့ ရှိရတော့မည်။ အစွပ်အစွဲခံရသူမှာ သူတို့တူဝရီးနှစ်ယောက်၊ ဦးတုတ်ပေါ်ကိုပါ ဆွဲထည့်သော်လည်း အမှုလိုက်က သူ့အဖေမို့ အရေးမယူ။ သူ့ကိုယ်သူ မဟုတ်ကြောင်းကိုကား သိ၏။ သူ၏ဦးလေးလား။ သူလည်း စိတ်ချရသူမဟုတ်။ အဘိုးကြီးဦးတုတ်ပေါ်ရော။ သူလည်း တွယ်ချင်တွယ်မည်။

ဝင်းကြည်ကိုကား နက်ဖြန်နှင်ပစ်မည်မှာ သေချာ၏။ အလွန်အလုပ်အကိုင်ကောင်းသည်။ နမြောစရာကောင်း၏။ ကောင်မလေးနှယ် မိုက်လိုက်ဘိခြင်း။ သြော် ... သူလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဆိုတော့ အစေခံပေမယ့်လည်း သူဌေးသမီးတွေ စိတ်နဲ့ တူတူပေါ့။

တရားခံများမှာ ဤနေရာ၌ ကိုယ့်ကိုယ်ကိုယ် အလွတ်ရန်းရန်လို၏။ အကယ်၍ အမှန်အတိုင်း ဘရန်ဒီခိုးသောက်ရန် လာပါသည်ဟု ညကမပြော။ နံနက်ကျမှပြောလျှင် တူဝရီးနှစ်ယောက်သား တိုင်ပင်ထားကြသည်ဆို၍

mgyoe.com

mgyoe.com

မမြခင် အယုံအကြည်ရှိမည်မဟုတ်။ ဒွတ္တဘောင်၏ ဖခင် စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ဟူ၍သာ စွပ်စွဲတော့မည် ဖြစ်၏။

မောင်ဖြတ်စ လွတ်အောင်ရုန်းဖို့ကား နောက်ဖေးသွားရန် ထလာခဲ့ကြောင်း ယုံကြည်အောင် လုပ်ရပေမည်။ သူ့အဖို့ အကြောင်းယုတ္တိလည်း ပြည့်စုံ၏။ သို့သော် ခပ်စောစော အိပ်ရာထ တွယ်ထားသော အညစ်အကြေးမှာ နောက်ဖေးအိုး ပြည့်လုနီးပါးရှိနေ၏။

သူသည် သူခိုးဝတ္ထု၊ စုံထောက်ဝတ္ထုများကို ဖတ်ထားသူဖြစ်၍ ဉာဏ်မခေလှ၊ ထိုအရာများကို ဖျောက်ဖျက်ပစ်မှ အရေးလှချေမည်ဟု တွေးတောကာ ဆုံးဖြတ်ချက်ချလိုက်၏။

*

အချိန်ကား နံနက်စောစော၏ ရှေ့တော်ပြေးဖြစ်သော လင်းကြက်တို့ စ၍ နှုတ်ခွန်းဆက်ကြလေပြီ။ ဘရန်ဒီ တစ်ပုလင်း၊ ဗိုက်တစ်လုံး၏ကိစ္စအတွက် ရတက်မအေးရသော လူမမာ မောင်ဖြတ်စသည် သူ၏ နောက်ဖေးခွက်ကို မနိုင့်တနိုင် သယ်မကာ နောက်ဖေးဆောင်သို့ လာခဲ့လေ၏။

အိမ်သာခန်းအထိ သွားလျှင် အပလေတိုက်ခတ်မည်ဖြစ်၍ မသင့်လျော်။ မီးဖိုဆောင်ထဲမှနေ၍ သွန်လိုက်မှသာ တော်ချေမည်ဟု စိတ်ကူးကာ ပြတင်းပေါက်တစ်ခုဖွင့် ပြီး နောက်ဖေးလမ်းကြားထဲသို့ သွန်ချလိုက်လေ၏။

"ဝူးဝါး ... ဝူးဝါး၊ အမလေး ... ဝေ့ဝံထွီ၊ ဘွက်နွဲ့ဟာတွေလဲကွ၊ ထွီး ... လွတ်စမ်း၊ လွှတ်စမ်း ... ခဏ လွှတ်စမ်း"

ဟူသော မသဲကွဲသောအသံများကို ကြားရသဖြင့် ပြတင်းပေါက်မှ ငုံ့၍ကြည့်လိုက်ရာ မှုန်မွှားသော အလင်းရောင်ကလေး၏အောက်တွင် ထွေးလုံး ရစ်ပတ်နေသော ကျားသဏ္ဌာန် မသဏ္ဌာန် နှစ်ခုကို မြင်ရသဖြင့် အံ့အားသင့်ကာ "ဟဲ့ ... ဟဲ့ ဘယ့်နှယ်ဟာတွေလဲ"ဟု အော်မိလေ၏။

ပုံသဏ္ဌာန်နှစ်ခုမှ တစ်ခုနှင့်တစ်ခု ပိုသီဖတ်သီ ခွဲခွာရင်း "ဝေ့ ထွီ... လူများ မေးမနေပါနဲ့။ ခင်ဗျားကော ဘယ့်နှယ်ဟာကြီးလဲ ရက်စက်တဲ့လူဗျာ ... ထွီ လူတွေမှ မမြင်တော့ဘူးလား။ အကန်းထင်ပါရဲ့" ဟု မာဆတ်ဆတ် ပြောသော ယောကျ်ားသံကို ကြားလေ၏။

"ဟ ... မြင်ရင် သွန်ချပါ့မလား၊ လူပဲ ...မမြင်လို့သာပေါ့"

mgyoe.com

mgyoe.com


"လူဆိုလို့ ... ခင်ဗျားကိုယ် ခင်ဗျားပြောလို့သာ ယုံရတယ်။ ဒီမှာ ကစ်(စ်)လုပ်နေတုန်းမှပဲ"

"ဟ ... ဒီလိုဆို စုပ်ယူလိုက်သလို နေမှာပေါ့။ ဟီ...ဟီ...၊ ဝမ်းနည်းပါတယ်ကွာ"

"ဝမ်းနည်းရုံနဲ့နည်းနေ ဒီမှာဖြင့် ကိုယ်ချင်းစာကြည့်ပါဦး၊ ခင်ဗျားတို့ ကစ်(စ်)လုပ်နေတုန်းများ ... ဒီလို ..."

"ဟော့...ဟော့...ဒါမျိုးများ ကိုယ်ချင်းစာဖို့မပြောနဲ့၊ ထွီ...စိတ်ကူးထဲတောင် မထည့်ပါရစေနဲ့။ ဒါနဲ့ မင်းတို့မောင်နှံက ဘယ်ကများတုံး၊ လူများနောက်ဖေးလာပြီး အချစ်စခန်းချနေကြရအောင် ..." ဟု မေးလိုက်မှ ...

"သြော် ... ကိုယ့်ဆရာဂျ မသိသေးဘဲကိုး။ ကဲ ... အဝင်းရာ မထူးပါဘူးကွာ၊ မျက်နှာမော့ပြလိုက်စမ်းပါ"ဟုဆိုပြီး ခေါင်းငုံ့နေသော မိန်းမသဏ္ဌာန်ကို မေးကိုင်ပြီးမှ ပြလိုက်ရာ ဖြတ်စမှာ ...

"ဟိုက် ... အမလေး ... ဒေါ်ဝင်းကြည်ကိုး၊ အင်း ... အင်း ... ဒါကြောင့်" ဟု ဆိုကာ သူ့ဦးနှောက်ထဲတွင် အသိဉာဏ်တွေ တစ်ပြုံတစ်ခေါင်းကြီး ပေါ်လာလေ၏။

"ဘာ ... ဒါကြောင့်လဲ ဆရာ"

"သြော် ... မင်းတို့အတွက် ငါ စဉ်းစားမိလို့ပါ။ ငါ မေးတာ မှန်မှန်ပြောစမ်း၊ မင်းတို့ချင်း စဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ ..."

"ခုချိန်အထိ ၄ လ ၃ ရက်နဲ့ တစ်ညရှိပါပြီ"

"နေ့တိုင်း ဒီလိုတွေ့နေကြတာပဲလား"

"နေ့ဆက် ရက်ဆက်ပေါ့ ... ဆရာ"

မလွတ်လပ်သော အစေခံဖြစ်လင့်ကစား ၂၄ နာရီအတွင်း ခဲခဲယဉ်းယဉ်း လစ်ဟင်းသော အချိန်ကလေး ၁ နာရီခန့်ကိုပင် အချစ်အတွက် အကွက်ကျအောင် အသုံးချပုံကို စဉ်းစားမိကာ ညက ကိစ္စအတွက်နှင့် အဘိုးကြီးနှုတ်ခမ်းမွေး မီးရှို့မှုကြီးကို ရှင်းလင်းရန် စိတ်ကူးဉာဏ်ဝင်စားလေလေ၏။

"မင်းတို့ ကျူးကျူးလွန်လွန် ဖြစ်နေကြပြီလား"

"ဟာ ... ဆရာ၊ ဒီယုန်မြင်လို့ ဒီချုံထွက်တာ မလွန်ဘဲနေကြပါ့မလား ... ဆရာ"

"ဝင်းကြည်မှာ ကိုယ်လေးလက်ဝန် ရှိနေပြီဆိုတာကော သိရဲ့လား..."

mgyoe.com

mgyoe.com


"သိပြီလား...ဆရာ၊ ကျွန်တော်လည်း မိန်းမရခဲ့ဖူးတာပဲ"

"နို့... မင်းမိန်းမကော ရှိလျက်ပဲလား"

"မရှိတော့ပါဘူးဗျာ၊ အိမ်မှာ ဘော်ဒါတစ်ယောက်၊ ဖဲဉာဏ်သမားရယ်လို့ သုံးရစားရ ရှိမလား ခေါ်ထားပါတယ်...၊ အိမ်ကမယား လစ်ပြေးတယ်ဗျ။ ဒါကြောင့် သူ့ကို..."

"ဒါဖြင့် သူ့ကို တကယ်ယူနိုင်ပါ့မလား"

"ယူနိုင်ပြီလားဗျာ၊ ဆရာတို့အိမ်က လူကြီးတွေကသာ သွေးဆောင်မှုနဲ့...."

"အို...ဒါအတွက် ငါ့တာဝန်ထားလိုက်၊ မင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘာလုပ်စားသလဲ၊ အိမ်က ဘယ်မှာလဲ"

"နာမည်က မောင်သိန်း ခေါ်ပါတယ်၊ ပန်းတနော်လမ်း နောက်နားက ကုန်းပေါ်မှာနေပြီး မြင်းလှည်းမောင်းစားပါတယ်..."

"ကောင်းပြီ၊ မင်း တကယ်ချစ် မချစ် စမ်းမယ်၊ ကဲ ... ချစ်ရင် ဖက်ပြီး ကစ်(စ်)လုပ်စမ်း'

"ဟာ...ဆရာကလည်းဗျာ၊ ရှက်စရာကြီး"

"အို...တကယ်ချစ်ရင် ငါခိုင်းတာ လုပ်စမ်းပါ"

မောင်သိန်းဆိုသူမှာ မနေသာတော့ဘဲ ဝင်းကြည်၏တောင့်တင်း စိုပြည်နေသော ကိုယ်လုံးကလေးကို ဖက်ကာ ဗိုလ်ဆန်ဆန် အကြာကြီး နှုတ်ခမ်းချင်း စုပ်နေလေ၏။

"ဟော့...ဟော့...တော်ပြီ...တော်ပြီ၊ မင်းချစ်တာ သေချာပြီ၊ ဘာပြုလို့လဲဆိုတော့ ဒီလိုပေရေစိုရွှဲနေတာတောင် ကျကျနနဖက်ပြီး ကစ်(စ်)လုပ်တာထောက်တော့ တကယ်ချစ်တယ်ဆိုတာ ငါယုံကြည်တယ်"

"ဩော်...ဒီလိုလား...ဆရာ"ဟု ဆိုကာ မောင်သိန်းသည် မျက်ပေါက်ကျဉ်းကလေးများကို မှေးပြီး သွားဖုံးလုံးကလေး ပေါ်အောင် ရယ်ကာ"ဒါတော့ စိတ်ချပါဗျာ၊ ခု ထပ်ပြီး လုပ်ရဦးမလား...ဆရာ၊ ဝါသနာက မခေပါဘူး"

"တော်ပါပြီကွယ်၊ ငါကျေနပ်ပါပြီ"

"ဆရာ ကျေနပ်တာကတော့ ဟုတ်ပါပြီ...၊ ကျွန်တော်တို့ ပေါင်းရအောင် ဘယ်လိုလုပ်ပေးမှာလဲ"

mgyoe.com

mgyoe.com


"အို…ဒါကတော့ အလွယ်ကလေးပါကွယ်…၊ အထုပ်အပိုးနဲ့ ခေါ်ပြေးရုံပေါ့"

"အို…ဒါကတော့ ခင်ဗျား ပြောမှပဲလားဗျာ၊ ကျုပ်လည်း သိတာပေါ့။ ဒါမှ ခင်ဗျာ့ဦးလေးကြီး သူအရောင်းအဝယ်လုပ်နေတဲ့ ကင်ပေတိုင်က ယာမာမိုတိုကြီး သွားပြောလို့ အစေခံသွေးဆောင်မှုနဲ့ အမွေးတွေ တစ်ချောင်းစီနုတ်ပြီး လက်သည်းခွံတွေ အကုန်ခွာပစ်အောင်လားဗျ၊ တော်ပါဗျာ၊ ကျုပ်အကောင်းမှတ်လို့ သူခိုင်းတာ လုပ်နေရတယ်…"

"ဟေ…အံမာ၊ ဒီလိုမဖြစ်ရပါဘူးကွ၊ ငါ့နာမယ် ဖြတ်စတဲ့ကွ။ မှတ်ထားပါ။ မင်း မနက်ကျ အိမ်ကဘာ စောင့်နေ၊ လာခေါ်ပြီး လူကြီးစုံရာနဲ့ကို ထည့်လိုက်မယ်…၊ စိတ်သာချပြန်တော့၊ ငါနဲ့ ဝင်းကြည်နဲ့ စီမံရဦးမယ်"

"အေး…ဒီလိုဆို ကောင်းပါပြီဗျာ၊ မဟုတ်ရင်တော့ စမ်းချောင်းထိပ်က ကျုပ်တို့ မြင်းလှည်းအသင်းနဲ့ကို လူစုပြီးတော့ ခင်ဗျားဆေးရုံသွားတုန်း ဝိုင်းရိုက်ပစ်မယ်…သိလား"ဟု ကြိမ်းမောင်းကာ မောင်သိန်းသည် ခါးချည့်ကလေး ကုန်းကုန်းနှင့် ထွက်သွားလေ၏။

*

ညဏ်ကြီးရှင် မောင်ဖြတ်စနှင့် ဝင်းကြည်သည် တစ်ယောက်နှင့်တစ်ယောက် မည်သို့ တိုင်ပင်သင်ကြားပြီး နံနက်အိပ်ရာထတွင် အမှုလိုက်ဒေါ်မြခင်က စစ်ဆေးသောအခါ ဝင်းကြည်က ဘယ်လို ပြောလိုက်သည်မသိဒေါ်မြခင်သည် မီးဖိုချောင်ထဲတွင် တစ်ယောက်တည်းငိုကာ ဒေါသပုန်ထနေလေ၏။

"ကြည့်ကြပါဦးတော်… အသက် ၆၀ ကျော်လို့ သေခါနီးမှ အိမ်ကအစေခံလေးနဲ့ ဖြစ်ရသတဲ့၊ ကိုယ်မနေနိုင်လို့ ကမြင်းချင် ပြောရောပေါ့၊ တော်ရုံတန်ရုံဟာ ပိုက်ဆံပေး ရတာပေါ့၊ ခုတော့ အိမ်က ခိုင်းတဲ့ဟာလေးနဲ့ လူမသိသူမသိ ဗိုက်ကြီးနေတယ်ဆိုတော့ … အမယ်လေး… ရှက်လှချည်ရဲ့။

"ညက ဖြတ်စ ပြောတာ ယောကျ်ား ဖွဲတစ်ဆုပ်မနိုင်မှ လျှော့တယ်ဆိုတာ မှန်နေတာပေါ့။ ကြည့်စမ်းပါဦးတော်…၊ ညတိုင်း ညတိုင်း ကောင်မလေးဆီ သွားနေတာ လေးလ ကျော်ပြီတဲ့၊ သားသမီး ဆွေမျိုးတွေ မျက်နှာမှမထောက် လုပ်ရက်လေ … အဖေရယ်"

mgyoe.com

ဦးတုတ်ပေါကား ဘာမျှမသိ။ နံနက်စောစော ထုံးစံအတိုင်း တုတ်ကောက်၊ ဘောင်းဘီတို၊ ဗိုက်ရွဲကြီးနှင့် လမ်းလျှောက်သွားလေပြီ။ ကိုဘနိုင်ကား အိပ်ရာထဲက နားထောင်နေ၏။ မောင်ဖြုတ်စကား လူနာခန်းတွင် အိပ်ချင်ပြုကာ ပြုံးစိစိလုပ်နေ၏။ ဝင်းကြည်မှာ အိမ်သာနှင့် ရေချိုးခန်းအကြားတွင် ပုနေရ၏။ ကလေးသုံးယောက်ကား မအေ့အနားတွင် ထိုင်ကာ ရောငိုနေ၏။

"ကြည့်ကြပါဦးတော်...ဒီနုနုထွတ်ထွတ်ကလေးနဲ့ဝအောင် ကမြင်းရလို့ ကောင်မလေးက နှုတ်ခမ်းမွေးကြီးနဲ့ယားတယ် ရိတ်ပစ်မှ လာရမယ်ဆိုလို့ ဉာဏ်ဆင်ပြီး နှုတ်ခမ်းမွေးကို မီးနဲ့တမင်သက်သက်ရှို့ပြီး ကျုပ်သားလေး ဆော့တယ်ဆိုပြီး မချိမဆံ့ ရိုက်သေးတယ်တော့။ နို့ပြီး ဝင်းကြည်ကိုပဲ မောင်လေးဆော့တာ မြင်တယ်လို့ ပြောလို့ သင်ထားလိုက်သတဲ့။ ဉာဏ်များပါပေတယ် အဖေအိုကြီးရဲ့။ သေခါနီးကြီးရဲ့၊ ညကများ ဖြုတ်စက ဟုတ်တာပြောတော့ အမယ်လေး...သူက စိတ်တွေဘာတွေ ဆိုးလို့ အော်...တဏှာ...တဏှာ၊ မြေးမှန်းသားမှန်းတောင် မသိတော့ဘူး..."

မယား ငိုယိုဆူပူသံကြား၍ ကိုဘနိုင်မှာ မနေနိုင်တော့ဘဲ အကျိုးအကြောင်းကို သဲကွဲအောင် လာရောက်မေးမြန်းသဖြင့် ဝင်းကြည်ပြောသမျှကို ပြောပြကာ "သူအရင် ဒီလိုမဟုတ်ပါဘူး ကိုနိုင်ရယ်။ လူရိုးကြီးပါ၊ ဒီမင်းတိုင်ပင်အမတ် အလုပ်လုပ်လိုက်မှ ရှိသမျှ ပစ္စည်းလည်းကုန်၊ အဖတ်ဆယ်မရ၊ အကျင့်စာရိတ္တတွေပါ ပျက်စီးလာတာ ခုတော့ ဒီဗိုက်ကြီးနဲ့ ဒီအဘိုးကြီး ဘယ့်နှယ်လုပ်မလဲ ကိုနိုင်ရဲ့ စိမ်ပါဦး ..."

"သိပ်ကျယ်ကျယ်ကြီး ပြောမနေပါနဲ့ လူများကြားသွား ရှက်စရာကြီး၊ ညက ဖြုတ်စပြောတာ မှန်နေတာပေါ့ကွ၊ သွားသွား သူ့ဆီ သွားတိုင်ပင်ချေ။ သူက ဒါမျိုး အင်မတန် ဉာဏ်ရှိတဲ့ကောင်"ဟု တူဝရီးနှစ်ယောက်မှာ အိပ်ရာထဲမှာ တိုင်ပင်ရင်းရှိသည့်အတိုင်း သူ့တူထံ လွှတ်လိုက်လေ၏။

မမြခင်မှာ ဖငေ့ခအိုကြီးအတွက် မနေသာတော့ဘဲ ဖြုတ်စ၏အခန်းထဲသွား၍ ချော့မော့ဧ ဘ အသံဖြင့် နှိုးရလေ၏။ အိပ်ချင်ယောင်ပြုနေသူမှာ တော်တော်နှင့် မနိုးနိုင်ဘဲ အတော်ကလေး လူပ်နှိုးမှ ပါးစပ်ကိုဟ၍ "ဝါး... ဘာလဲဗျ အန်တီ..."

"ထပါဦး ငါ့တူရယ်၊ ညက မင်းပြောတာ မှန်နေတာပေါ့ကွဲ့."

mgyoe.com

mgyoe.com


ဘာမျှ မသိသကဲ့သို့ မျက်လုံးကိုပွတ်ကာ။

"ဘာလဲ ... အန်တီရဲ့ ..."

"ကောင်မဗိုက်ပေါ့ကွဲ့...၊ ခု–မိုးလင်းမှ သေသေချာချာ စစ်ဆေးကြည့်တော့ အဖေနဲ့တဲ့"

"ဟင်...၊ ဖြစ်မှဖြစ်ရလေဗျာ၊ ညက ကျွန်တော် ရမ်းသန်းပြောတာ၊ ဟုတ်မှဟုတ်ပါလေလားဗျာ...၊ ကျားသားမိုးကြိုး"

"ဟုတ်ပါတယ် ငါ့တူရယ်...၊ ဝင်းကြည်က အသေအချာကို ပြောပြတာ၊ နှုတ်ခမ်းမွေး မီးလောင်ပြီး ရိတ်ပစ်ရတာတောင် ကောင်မလေးက ယားတယ်ဆိုလို့တဲ့၊ ညဏ်ဆင်ပြီး ရိတ်တာ၊ ကြားထဲက ငါ့သားလေးတောင် အပြစ်ရှာပြီး ရိုက်လိုက်တာကွယ်...။ မသနား မညှာ မြေးကလေးကိုတောင် မအတွက်နဲ့ သူမို့လုပ်ရက်တယ်..."

"သြော် ... တဏှာဆိုတာ ဒီလိုပေါ့၊ မှောင်ထဲမှာ ဒီအမှောင် အကြီးဆုံးတဲ့"

"အေးကွယ် ... အဲဒါ မင်းပဲ ကြည့်စီမံပါဦး...၊ ငါတော့ ခေါင်းမီးလောင်နေပြီ"

"ဘယ်လိုလုပ်စေချင်တာလဲ"

"ဒီအကြောင်းကို ဘယ်သူမှမသိစေဘဲ ကောင်မလေးလည်း ကျေကျေနပ်နပ်ထွက်သွားပြီး နောင်လည်း ဘယ်သူမှ မပြောလေအောင်"

မောင်ဖြတ်စသည် ခေါင်းကုတ်၍ အနည်းငယ်စဉ်းစားဟန်ပြုကာ...

"အင်း ... ဒါဖြင့် ဒီလိုလုပ်လေ၊ ငွေကလေး အနည်းအကျဉ်းတော့ အကုန်ခံရလိမ့်မယ်၊ ကောင်မလေးကို တကယ်ကြိုက်ပြီးတော့ အတည်ယူချင်တဲ့ ကောင်တစ်ယောက်ရှိတယ်။ ကျွန်တော့်ကို အပူကပ်နေတာကြာပြီ"

"အမယ်လေး...လုပ်စမ်းပါကွယ်၊ ငွေ ဘယ်လောက်ကုန်ကုန် အရှက်တကွဲ အကျိုးနည်း မဖြစ် ပြီးရော...၊ သူက ဘယ်သူလဲ၊ ရိုးရိုးသားသားပဲလား"

"ဟို ပန်းတနော်လမ်း အနောက်နားက မောင်သ န်းတဲ့... ကောင်လေးက ရိုးပါတယ်"

"သြော် ... ဟို မအူပင်လမ်းထိပ်က ပါးရွဲ့ရွဲ့နဲ့ မင့်ဆီလာလာလည်တာ မဟုတ်လား"

mgyoe.com

"မဟုတ်ပါဘူး၊ ဒါက ဖိနပ်ထောင်တဲ့ မောင်သောင်းပဲ၊ ခုဟာက မြင်း လှည်းမောင်းတဲ့ မောင်သိန်း၊ ကျွန်တော်ကတော့ သူ့ကို၊ မင်းငါ့ကို ဘရန်ဒီ အစစ်တစ်လုံး ရှာပေးရင် ပြောပေးမယ်လို့ ပြောထားသေးတယ်"

"အမယ်လေးကွယ်...၊ သူ့ရှာခိုင်းမနေပါနဲ့တော့ ဒီကိစ္စ လွယ်အောင် သာ လုပ်စမ်းပါ၊ မနေ့က ဂြိုဟ်မင်းကြီးယူလာတဲ့ ပုလင်းပဲ မင်းယူပါ။ ငါ့ အတွက် အရေးမကြီးပါဘူး"

မောင်ဖြတ်စမှာ တီးပေါက်ဝင်သွားကာ အခန်းဝ၌ မတ်တတ်ရပ် ကြည့်နေသော သူ့ဦးလေးကို အဒေါ်မမြင်အောင် မျက်စိမှိတ်ပြပြီး...

"ဒီလိုဆိုလည်း အကောင်းသားပဲ၊ ကဲလေ ... အဘိုးကြီး ပြန်မလာခင် ကိစ္စပြီးအောင် ဝင်းကြည် ခေါ်လိုက်စမ်းပါဦး"

ဝင်းကြည်မှာ ဣန္ဒြေရရနှင့် ရောက်လာ၏။

"ကဲ ဝင်းကြည်၊ နင့်ဖြစ်ပုံတွေ ငါ အကုန်သိရပြီ၊ ကံကောင်းလို့ တို့ တူဝရီးနှစ်ယောက် အမှုပတ်နေတာ နင်က ဖွင့်ပြောလို့သာပေါ့။ ခုတော့ ဒီ အဘိုးကြီးနဲ့ဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ လူကြီးကစလို့ မှားမိတာ တွေ မှားပါစေတော့...။ ဟောဒီ နင့်အဒေါ်များရော၊ ငါတို့ရော အရှက်တကွဲ အကျိုးနည်း မဖြစ်ကြရအောင် ငါ့စကားကို နားထောင်...၊ နင့်ကို တကယ် ကြိုက်ပြီး ... ကောင်းကောင်းမွန်မွန်ပေါင်းမယ့်ကောင်ရှိနေတယ်။ မြင်းလှည်း မောင်းတဲ့ မောင်သိန်းရယ်...၊ နင်သိတယ်မှတ်လား။ အေး သူ့ကို ယူလိုက်။ နင့်အဒေါ်ကလည်း ငွေအနည်းအကျဉ်း ပေးလိုက်လိမ့်မယ်..."

"အေးကွယ် ... ရွယ်တူတန်းတူချင်း ကောင်းပါတယ်။ ငါ့ဟာလည်း ငွေ ၃၀၀ ပေးလိုက်ပါ့မယ်"

ဝင်းကြည်လည်း ဣန္ဒြေရရ ခေါင်းငုံ့ကာ ...

"ဟုတ်ကဲ့ ... ကိုကိုဖြတ်သဘောပါပဲ"

"ကဲ...ကဲ...အဘိုးကြီး ပြန်မလာခင် ပြီးသွားအောင် မောင်သိန်းကို သွားခေါ်ဖို့ ကလေး ဘစ်ယောက်ကို လွှတ်လိုက်၊ ကျွန်တော် စာရေးပေး လိုက်မယ်"

"ရတ်တရက် ချက်ချင်းကြီး ဖြစ်ပါ့မလားကွယ်...၊ မင်းလူက မယုံ သင်္ကာဖြစ်နေ..."

"အို...၊ ဒါ ကျွန်တော့်တာဝန်ထားလိုက်၊ ဒီကောင်က လိုချင်လို့ သေ

mgyoe.com

mgyoe.com


လုလို့၊ ကျွန်တော် ဉာဏ်ဆင်ပြီး ပြောပါ့မယ်...၊ ကျွန်တော် ဖျားနေတာ လည်း သူသိသားပဲ၊ (ငါမမာတာ အိမ်က ခြေနှစ်ချောင်းထွက်မှကောင်းမယ် ဗေဒင်ဟောလို့... မင်းနဲ့ အပြန်ခေါ်ပေးစားတာကွ)လို့ ပြောမှာပေါ့။ ဒါ အတွက် မပူပါနဲ့...၊ စာရွက်နဲ့ဖောင်တိန်သာ ပေးစမ်းပါ"

မကြာမီ မောင်သိန်းရောက်လာကာ အကျိုးအကြောင်း ပြောပြလေ၏။ ငါးမိနစ်အတွင်း၌ပင် ထိုကိစ္စပြီးမြောက်သွားကာ သတို့သား မောင်သိန်းနှင့် သတို့သမီး ဝင်းကြည်တို့သည် ကိုဘနိုင်၊ မမြခင်၊ မောင်ဖြတ်စ တည်းဟူ သော လူကြီးလူကောင်းသုံးယောက်တို့အား ခင်စန်းမြင့်၊ မောင်တင်လှ၊ မောင် လေးတည်းဟူသော ကလေးပရိသတ်သုံးယောက်ရှေ့တွင် နှစ်ယောက်ယှဉ်တွဲ ကန်တော့ပြီး မမြခင်ဆီက ငွေ ၃၀ဝိနှင့် ဝင်းကြည်အဝတ်အစားထုပ်ကလေး ကို ဆွဲကာ အိမ်မှဆင်းသွားကြလေ၏။

မမြခင်သည် မဝင်းကြည်တို့စုံတွဲ လမ်းထောင့်ကွယ်သွားသည့်တိုင် အောင် လှမ်းမျှော်ကြည့်နေပြီးမှ သက်ပြင်းကြီးချကာ...

"အမယ်လေး ... ခုမှ အလုံးကြီး ကျသွားတော့တယ်...။ ငါ့ခက်ကရော အောက်မေ့နေတာ၊ မင့် ကျေးဇူးပါပဲကွယ်..."

မောင်ဖြတ်စက ပြုံးစိစိနှင့်...

"ကျေးဇူးပြောနေရုံနဲ့ မပြီးသေးဘူး၊ ကျွန်တော့်ကို ပေးမယ်ဆိုတဲ့ ဘရန်ဒီလည်း လုပ်ဦးလေဗျာ"

"သြော် ... ဟုတ်သားပဲ၊ ပေးပါ့မယ်ကွယ် ... ကဲ ... သမီး သွားယူပေး လိုက်ပါကွယ်၊ သူ့ဉာဏ်ပူဇော်ခ"

"သြော် ... ဒီမှာအန်တီ၊ အဘိုးကြီး ပြန်လာရင် ဘာမှမပြောနဲ့နော်၊ ဘာမှမဖြစ်သလိုနေသိလား..."

"အမယ်လေး ပြောဖို့နေနေသာသာ သူ့မျက်နှာတောင် မကြည့်ချင် ဘူး"

တုတ်ကောက်၊ ဘောင်းဘီတို၊ ဗိုက်ရွဲကြီးနှင့် လမ်းလျှောက်သွားသော ဦးတုတ်မပါကား ပြန်မလာသေး။ မောင်ဖြတ်စတို့ တူဝရီးကား ဘရန်ဒီ တစ်ပုလင်းနှင့် ဇိမ်တိုးလျက်...။

✧✧

mgyoe.com

mgyoe.com

## မယ်တပ်ကုန်း

ခရစ်တော် သက္ကရာဇ် ၁၉၄၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့ ညနေ ၆ နာရီအချိန်တွင် ရမည်းသင်း ဒိစတြိတ်တပ်ကုန်းမြို့မှ မြေပိုင်ရှင် ဦးသာဝက်၏သမီး 'မယ်တပ်ကုန်း' ဘွဲ့ရ မာဂရက်သာဝက်သည် မန္တလေး ရန်ကုန် အစုံရထား ၂ နံပါတ်ကို စီး၍ သူ၏အဘိုးဖြစ်သူ ကြည့်မြင်တိုင်၊ ကျွန်းတော ကွက်သစ်ရှိ မင်းတိုင်ပင်အမတ်ဟောင်းဦးတုတ်ပေါ၏နေအိမ်သို့ သူ၏မိခင် ဒေါ်ဇာကျယ်နှင့်အတူ ရောက်ရှိလာလေ၏။

ဒေါ်ဇာကျယ်သည် မိမိ၏ယောက်မ ဒေါ်မြခင်နှင့် ယောက္ခမဦးတုတ် ပေါ်အား အတော်ညဥ့်နက်အောင် တီးတိုးတိုင်ပင် ပြောဆိုပြီး သမီးကို အပ်နှံခဲ့ကာ နောက်တစ်နေ့နံနက်တွင် အဆန်ရထား နံပါတ် ၁ နှင့် တပ်ကုန်း မြို့သို့ ပြန်သွားလေ၏။

မာဂရက်သာဝက်၏ ရုပ်ရည်ရူပကာယမှာ အထူးဖော်ပြစရာမလို။ တပ်ကုန်းမြို့ အမျိုးသမီးအလှပြိုင်ပွဲတွင် စိန်ဘယက်ကြီးတစ်ခုနှင့် 'မယ် တပ်ကုန်း'ဘွဲ့ကို ရခဲ့သူဖြစ်၍ မယ်ဒဂုံ၊ မယ်ဗမာ၊ မယ်တက္ကသိုလ်နှင့် အခြား မယ်ဟာဝါ စသော မဟာဝါတို့၏ ဓာတ်ပုံများကို ကြည့်ရှုခြင်းအားဖြင့် စာဖတ် သူသည် မာဂရက်၏ ရုပ်လုံးကို ဖော်နိုင်မည်ဖြစ်ပေ၏။

ပင်နီစလင်၏ အစွမ်းသတ္တိကြောင့် ရောဂါဟောင်းများ အမြစ်ပြတ် စဖြစ်သော ပိန်ချည့်ကုန်းက မောင်ဖြတ်စသည် နိပ္ပန်မာစတာတို့၏ လက် အောက်တော်မှ မဟာအင်္ဂလိပ်တို့၏ လက်ထက်တော်တိုင် သူ့ဦးလေး ကိုဘနိုင်ကို အကြောင်းပြု၍ ဦးတုတ်ပေါ၏နေအိမ်၌ အဒေါ်ဖြစ်သူဒေါ်မြခင်

mgyoe.com

mgyoe.com


၏ ငြူစူစောင်းမြောင်းခြင်းကို အရွဲ့တိုက်ကာ ဆက်လက် ပေကပ်နေတုန်းပင် ဖြစ်ပေ၏။

ရန်ကုန်မြို့၊ မြို့တော်ခန်းမကြီးတွင် ကျင်းပသော မယ်ဒဂုံပြိုင်ပွဲကို မနေနိုင် မထိုင်နိုင် ဆတ်ဆော့ပြီး ခေတ္တမျှ သွားရောက်ကြည့်ရှုမိသည်နှင့်ပင် ရောဂါဟောင်းပြန်ထမလိုဖြစ်ခဲ့ရှာသော ဖြတ်စ ခများမှာ ယခု ပထမ၊ ဒုတိယ၊ တတိယ မယ်ဒဂုံတို့နှင့် နင်လား ငါလား တကယ်တမ်း ယှဉ်ပြိုင်နိုင်အောင် ချောမောလှပ စိုပြည် တောင့်တင်းလှသော 'မယ်တပ်ကုန်း'မာဂရက်ကို တစ်အိမ်တည်း အတူနေ အတူစား နီးနီးကပ်ကပ် တွေ့မြင်ရသောအခါ၌မူ ဝမ်းဘဲအရှင်ကို ဂုန်နီအိတ်ထဲ ထည့်ထားဘိသကဲ့သို့ နေမထိ ထိုင်မသာ တလှုပ်လှုပ်တရွရွ ဖြစ်ရရှာလေ၏။

သူ၏အဖြစ်ကို ပိုမိုဆိုးဝါးစေသည်ကား မာဂရက်သည် ရောက်သည့်နေ့မှစ၍ နေ့စဉ်ရက်ဆက် လေ့ကျင့်ခန်းယူခြင်းပင်ဖြစ်ပေ၏။

မာဂရက်၏အမူအရာမှာ ဤအိမ်သို့ လာရောက်နေထိုင်ရခြင်းနှင့်ပတ်သက်၍ အနည်းငယ်မျှ ရှင်လန်းဟန် လက္ခဏာမရှိသော်လည်း 'မယ်တပ်ကုန်း'ဟူသော ဘွဲ့ကို စောင့်ထိန်းရသောအားဖြင့် ကိုယ်လက်အင်္ဂါလှပရေး လေ့ကျင့်ခန်းကို မပျက်မကွက် ဆက်လက်ယူရမည်ဖြစ်၍ ရောက်သည့်နေ့ညဉ့်ပင်...

"အန်တီ ... အန်တီတို့ ရေချိုးခန်းလုံရဲ့လား၊ မာ လေ့ကျင့်ခန်းယူရအောင်" ဟု မေးလာ၏။

ဒေါ်မြခင်က...

"လုံပါတယ်ကွယ်၊ ပျဉ်ပြားအသစ်တွေနဲ့ ပြန်ကာထားတာ၊ စိတ်ချလက်ချသာ သဘောရှိလေ့ကျင့်ပါတော့"ဟု ပြန်ပြောလေ၏။

ဤသည်ကို အခြားတစ်ဖက်ခန်းတွင်ရှိ အမှုမဲ့အမှတ်မဲ့ မနေတတ်သော မျက်စိလျှင်နားပါး မောင်ဖြတ်စ ကြားလေ၏။ စိတ်ကူးဉာဏ်လျင်မြန်သူဖြစ်သည့်အတိုင်း ချက်ချင်းပင် အိမ်ပေါ်မှ ဆင်းသွားကာ မအူပင်လမ်းရှိ လက်သမားဦးရွှေတူအိမ်သို့ သုတ်ခြေတင်လေ၏။ လွန်ပူတစ်ချောင်းအမြန်ငှားခဲ့ကာ နောက်ဖေးလမ်းကြားဘက်မှနေ၍ ရေချိုးခန်း နောက်ဘက်ပျဉ်ထောင်ကို သူ့မျက်စိနှင့် အဆင်သင့်ရှိ အပေါက်ကလေး ဖောက်ထားလိုက်လေသည်။

mgyoe.com

နောက်တစ်နေ့နံနက်မှစ၍ ဤမှာဘက်၌ ဝါသနာ မသေးလှသော မောင်ဖြုတ်စသည် မယ်တပ်ကုန်း မာဂရက်၏ ကုန်းကော့ကွကား လေ့ကျင့်ခန်းများကို နံနက်စောစောကြီး တစ်ကြိမ်၊ ညနေတစ်ကြိမ် အချိန်မှန်မှန် ချောင်းမြောင်းကြည့်ရှုနေရလေသဖြင့် ယခင်အလုပ်ဖြစ်သော ဖျာပုံလမ်းထိပ်သို့ သွားရောက်၍ ဂေါ်ရခြင်းတို့ပင် ပျက်ကွက်ရလေ၏။

မယ်ဟဝါ မာဂရက်၏ ကိုယ်လုံးကိုယ်ပေါက်မှာ ခေတ်ပေါ်နည်းအတိုင်း လေ့ကျင့်ခန်းယူရန် ပြင်ဆင်လိုက်သောအခါတွင် မိုးဦးကျစ နောက်ချေး ဒီဒိုးဥထဲမှ ခွဲထုတ်လိုက်သော လတ်လတ်ဆတ်ဆတ် တောင့်တဲကောင်ကြီးကဲ့သို့ ဖောင်းအိတောင့်တင်း ဝါဝါဝင်းကြီးဖြစ်ပေ၏။

မယ်တပ်ကုန်းဟူသော ဘွဲ့ထူးကို ဆွတ်ခူးနိုင်သည့် မာဂရက်၏အင်္ဂါရပ်တွင် ခေတ်ဆန်ဆန် အဝတ်အစားအပြည့်အစုံနှင့် ပထမအကြိမ် မြင်စကပင် ဝါသနာအလျောက် တုန်လှုပ်ခြောက်ခြားခဲ့သော မောင်ဖြုတ်စမှာ ယခုကဲ့သို့ လွတ်လွတ်လပ်လပ်ထင်သလို လေ့ကျင့်နေသည်ကို တွေ့မြင်နေရသောအခါ၌ သူ့၏စိတ်ထဲတွင်သာမဟုတ် တစ်ကိုယ်လုံးတွင် မည်သို့မည်ပုံ ဖြစ်တည်နေမည်ကို ရေးသားဖော်ပြခြင်းငှာ မဝံ့တော့ပြီ။ ရေချိုးခန်းတွင်းသို့ ရုတ်တရက် ခုန်ဆင်းပြီး အတင်းမွေးရလျှင် သဘောတူသော် တော်ပါ၏။ မကြည်ဖြူလျှင်မူ မိမိကဲ့သို့ ပိန်ချည့်သေးကွေး၊ ဖလံချောင်းကလေးကို အဝေးသို့ရောက်အောင် လက်နှစ်ဘက်နှင့် ကိုင်မြှောက် တအားကုန်ပေါက်ပိုက်ချေတော့မည်။ ဤသို့သော သခင်စိုး၏ အလံနီ အကြမ်းနည်းသည်လည်း အားမတန်၍ မဟန်သေး။ ဗိုလ်ချုပ်၏ ဖြည်းဖြည်းနှင့်အေးအေးဆေးဆေးရသောနည်း စက္ကူဖြူနှင့်သာ ဆက်သွယ်ရချေတော့မည်ဟု အကြံပိုက်ကာ တတ်သမျှ မှတ်သမျှ ဂေါ်စာတစ်စောင် ရေးလေ၏။

*

မာဂရက်ရောက်၍ နှစ်ရက်မြောက်သောနေ့ ညနေ မောင်ဖြုတ်စသည် စတုတ္ထအကြိမ်မြောက် ရေချိုးခန်းပေါက်ကို နောက်ဖေးလမ်းကြား အိမ်သာနားမှ စိတ်အားသန်စွာ ဝတ္တရားအတိုင်း ချောင်း၍ ကြည့်နေရာ တုံးတုံးတစ်တစ် မာဂရက်၏ ခက်ခက်ခဲခဲ နက်နက်နဲနဲ အကွက်အကွင်းကျလှသော လေ့ကျင့်ခန်းအလယ်ပိုင်းသို့ရောက်လျှင် မောင်ဖြုတ်စမှာ စောစောက ဆပ်စ်

mgyoe.com

mgyoe.com

ပင်ဒါ ဝတ်မထားမိသဖြင့် ရုတ်တရက် မျက်စိပြတ်ကလည်း မခံနိုင်သော ကြောင့် ပျဉ်ထောင်ကို နဖူးတော့ပြီး ခါးတောင်းကျိုက်လိုက်ရလေ၏။

ဤအချိန်တွင် ထိုသို့ ခါးတောင်းကျိုက်လိုက်ရခြင်းမှာ သူ့အဖို့ များစွာ အကွက်ဆိုက်လှချေ၏။ အကြောင်းမူကား ညနေချိ တုတ်ကောက်နှင့် လမ်း လျှောက်၍ ပြန်လာသော ဦးတုတ်ပေါသည် လွန်ခဲ့သော ညက နောက်ဖေး ဆောင်မှ ဆေးပြင်းလိပ်တစ်တို လွတ်ကျသွားသည်ကို သတိရပြီး ပြန်ကောက် ရန် နောက်ဖေးလမ်းကြားသို့ လှည့်ဝင်အလာတွင် သဲသဲမဲမဲ ခဲ၍ကြည့်နေ သော မောင်ဖြတ်စကို မြင်လေ၏။

"ဟော့ကောင်၊ ခါးတောင်းကျိုက် ကြားကြားနဲ့ ဘာများ ကပ်ကြည့်နေ တာလဲကွ"ဟု မေးလိုက်မည်အပြုတွင် မျက်စိလျှင်လှသော ဖြတ်စသည် ဦးတုတ်ပေါ၏ အရိပ်အခြည်ကို မြင်လျှင်မြင်ချင်း အသံမထွက်ရန် လက်ကာ ပြပြီး ခြေသံမကြားအောင် အသာလျှောက်လာရန် လက်ရိပ်ပြ၍ ခေါ်လိုက် ၏။ ဘာမှန်းညာမှန်းမသိသော ဦးတုတ်ပေါသည် ကြည့်ချင်သိချင်ဇောဖြင့် မောင်ဖြတ်စပြသော အမူအရာအတိုင်း အသာချောင်း၍ ငှက်ကုလားအုပ်၏ ခြေလှမ်းမျိုးဖြင့် သွားလေ၏။

ဦးတုတ်ပေါ အနီးသို့ရောက်လျှင် ဖြတ်စသည် အပေါက်ကို ဖယ်ပေး ပြီး ဦးတုတ်ပေါကို ကြည့်စေလေ၏။ ဦးတုတ်ပေါလည်း အပေါက်ဝသို့ မျက်နှာအပ်လိုက်သည်နှင့်တစ်ပြိုင်နက် 'ဟင်း'ခနဲ တစ်ခွန်းတည်းမြည်ပြီး ဦးတုတ်ပေါ၏ မျက်နှာမှာ ခဲမှန်သော မျောက်၏မျက်နှာကဲ့သို့ ရုတ်ခြည်း ပင် ရှုံ့တွသွားကာ ပါးစပ်ပြုံပြုံ သွားအကျဲသားနှင့် ဆတ်ခနဲ ပျဉ်ထောင်မှ ခွာလိုက်လေ၏။

ယင်းသည်မှာ ၂ စက္ကန့်ခွဲအတွင်း၌ပင် မောင်ဖြတ်စနှင့် ဦးတုတ်ပေါ သည် ကိုက် ၂၀၀ ပြေးပွဲကလေးကို ရုတ်တရက်ကျင်းပလိုက်ရလေ၏။ အကြောင်းမူကား ဦးတုတ်ပေါသည် မောင်ဖြတ်စဘက် လှည့်ကြည့်ရင်း ဒေါသသံနှင့် "ခွေး"ဟု တစ်ခွန်းတည်း အချက်ပေးလိုက်ရသေးသည်။ ဂိတ် ထွက်ကောင်းသော မောင်ဖြတ်စသည် တစ်ဟုန်တည်း သုတ်ခြေတင်လေ၏။ "ခွေးကျင့်ခွေးကြံ"ဟုသာ ကြိမ်းမောင်းနိုင်သော ဦးတုတ်ပေါသည် ဘောင်းဘီ တို၊ စပို့ရှပ်နှင့် လမ်းလျှောက်တုတ်ကြီးကိုကိုင်ကာ ခဲကြီးကိုစီးကောင်းသော ဂျော်ကီ၊ ဦးဘိုဝဲခေါင်းမှ ၉ လက်မမြင်းကြီးကို စီးသကဲ့သို့ အပြင်းအထန်

mgyoe.com

mgyoe.com

လိုက်လေ၏။ သို့သော် နောက်ဆုံးဖလားပွဲတွင် ဘုရင်ခံကတော်၏မြင်းကို ဘုရင်ကလေး တွန်းဝင်သွားသကဲ့သို့ ခြေကုန်သွန်သွားသော မောင်ဖြတ်စကို ကား မမီနိုင်တော့ပြီ။

ဖြတ်စသည် ဤပြေးပွဲကလေးကို အနိုင်ရလိုက်သည့်အတွက် အချည်းနှီး မဖြစ်ချေ။ အကြောင်းမူကား ခြေကုန်သွန်ရင်း ဒေါတထောင်းထောင်းထ လာသော ဦးတုတ်ပေါသည် သူလိုက်၍ မမီနိုင်မှန်း သိသောအခါ၌ လက်ကိုင် တုတ်နှင့် တအားကုန် လွှဲရမ်းပစ်လိုက်လေသည်။ သူသည် တုတ်ပစ်ညံ့သူ မဟုတ်၊ ဤအပြေးပစ်ပွဲ၌ပင် မောင်ဖြတ်စ၏နောက်စေ့ကို တုတ်အလယ်ပိုင်း နှင့် ခတ်၍မှန်လေ၏။ တုတ်သည် ခေါင်းပေါ်သို့ ကျော်တက်သွား၍ ရှေ့လွန် အကျတွင် မောင်ဖြတ်စသည် မြေသို့မထိမီပင် ကျင်လည်စွာ ဖမ်းလိုက်ပြီး နောက်ကိုမျှ ပြန်လှည့်မကြည့်တော့ဘဲ ရှမ်းလမ်းမကြီးအတိုင်း ဆက်ပြေး ကာ စမ်းချောင်းထိပ်ရှိ မတုပနိုင်သော ဒို့ဗမာရသာရုံခေါက်ဆွဲဆိုင်ကြီးထဲ သို့ တိုက်ရိုက်ဝင်သွားလေ၏။

ဦးတုတ်ပေါ၏ ယမနေ့သား လက်ကိုင်တုတ်မှာ မည်မျှကောင်းမွန် သည်ကို အထူးဖော်ပြစရာမလို။ ခေါက်ဆွဲဆိုင်ရှင် ကိုပုသည်ပင် အေးရှာ ဘက်မှ တိတ်တိတ်ခိုးသွင်းသော ချက်အရက်မီးတောက် ဆေးရောပြီးသား တစ်ပိုင်းနှင့် ဝက်သားကင် တစ်ကျပ်ဖိုးကို ၎င်းတုတ်ဖြင့် လဲလှယ်ရန် သဘော တူလေသည်။ ထို့ကြောင့် မောင်ဖြတ်စသည် ဤရိက္ခာအပြင် ကြက်သွန်ချဉ်၊ ဆာဒါးဟင်းချိုတို့ကို ပွဲရံထား၍ ပြေးပွဲကလေးကို အနိုင်ရသည့်ဆုအဖြစ်နှင့် အတော်မြိန်ယှက်စွာပင် စားပွဲထိုင်လိုက်ရလေ၏။ ညမှောင်စပျိုးလျှင် ဤ ပြေးပွဲကလေးအကြောင်းကို အနီးပတ်ဝန်းကျင်မှ ပါးစပ်သတင်းထောက် များ လာရောက်မေးမြန်းကြကုန်၏။ သို့သော် ဦးတုတ်ပေါသည် မည်သို့မှ ဖော် ထုတ်မပြော။ မြေးဖြစ်သူ မာဂရက်၏မျက်နှာကိုလည်း မကြည့်ရဲ။ "ဒီကောင် နှင်ပစ်၊ ဒီကောင် နှင်ပစ်"ဟူ၍သာ ဒေါသတကြီးပြောနေ၏။

အေးရှာအရက်တန်ခိုးကြောင့် အိပ်ရာထဲတွင် ဇိမ်တိုးနေသော မောင် ဖြတ်စကို လာရောက်မေးမြန်းကြသေး၏။ သို့သော် မောင်ဖြတ်စက လူကြီး လုပ်သူက ဖွင့်မပြောသည်ကို မိမိထုတ်ဖော်ရန် မသင့်လျော်ပါကြောင်း၊ အနိုင် ရ၍ ဆုအဖြစ် ပေးလိုက်သော ပစ္စည်းကိုသာ ကိုပုဆိုင်တွင် ချက်အရက် ဝက်သားကင်နှင့်လဲပြီး စားပွဲထိုင်ခဲ့ကြောင်း၊ ယခုအချိန်၌ လာရောက်မေး

mgyoe.com

mgyoe.com


မြန်းနေကြခြင်းသည် မိမိ၏ဖိမ်ကို ဖျက်ဆီးရာ ရောက်သဖြင့် နောက်ထပ် မမေးမြန်းရန် တောင်းပန်ပါကြောင်း ဟူ၍သာ ပြန်ပြောလေသောကြောင့် နောက်ဆုံးတွင် ပါးစပ်သတင်းထောက်များ လက်လျှော့ကာ အသီးသီး မိမိတို့နေအိမ်သို့ ပြန်သွားကြရလေ၏။

နောက်တစ်နေ့ညနေအချိန်တွင် ယင်းသည့်သတင်းထောက်များ လာရောက်စုအုံကြပြန်လေ၏။ အကြောင်းမူကား မောင်ဖြတ်စသည် ဦးတုတ်ပေါ၏ ပယောဂကြောင့် ချောင်းမြောင်းကြည့်ရှုခွင့်မရတော့သဖြင့် ယခင်မြင်ခဲ့ရသည်တို့ကို အစွဲပြု၍ အောင့်အည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ နောက်ပိုးနည်း၏ လုပ်ငန်းစဉ်အတိုင်း စက္ကူဖြူအသုံးပြုလိုက်ခြင်းကြောင့် ဖြစ်ပေ၏။

*

ညနေလေ့ကျင့်ခန်းပြီးခဲ့၍ အဝတ်တန်ဆာ မွှေးနံ့သာ အရောင်တင်တို့ ခြယ်မှုန်းထားသော မာဂရက်သည် ရေချိုးခန်းဝင်မည်အပြုတွင် အိမ်သာထဲမှ ချောင်းနေသော မောင်ဖြတ်စသည် ရုတ်တရက်ထွက်လာကာ တုန်ရီသော လက်များဖြင့် "မာဂရက် ပလိစ်"ဟုဆိုကာ စာကိုပေးလိုက်၏။ မာဂရက်သည် ပြုံးရွှင်စွာ ယူလိုက်သဖြင့် လက်မှခံပါမည်လားဟု နှလုံးတတုန်တုန် ရင်တထိတ်ထိတ်နေခဲ့သော မောင်ဖြတ်စမှာ အကြီးအကျယ်ဝမ်းသာသွားလေ၏။

သို့သော် သူ၏ဝမ်းသာမှုမှာ စက္ကန့်ပိုင်းမျှသာ ဖြစ်၏။ အကြောင်းမူကား မာဂရက်သည် စာကိုရလျှင်ရခြင်း ရေချိုးခန်းဝင်ရမည်ကိုပင် မေ့လျော့ကာ နောက်သို့ချက်ချင်း ပြန်လှည့်ပြီး မီးဖိုးချောင်ထဲ၌ ငရုတ်သီးထောင်းနေသော သူ့အန်တီထံသို့သွားလေ၏။ စင်စစ် မာဂရက်၏ပြုံးခြင်းမှာ ဖြတ်စလိုအကောင်ကို မေတ္တာရှိ၍ မဟုတ်။ ဘိန်းထည့်ပြီး ဖမ်းသော တရားခံကိုပစ္စည်းနှင့်တကွ လက်ပူးလက်ကြပ် မိသောအခါ၌ ပုလိပ်၏ဝမ်းသာခြင်းဖြင့် ပြုံးသောအပြုံးမျိုးသာ ဖြစ်ပေ၏။

ဖြတ်စသည် သူ့အန်တီလက်ထဲသို့ စာရွက်ပေးလိုက်သည်ကို မြင်လျှင်မြင်ချင်း ရှေ့သို့မတိုးရဲတော့ဘဲ အိမ်သာထဲသို့ ပြန်ဝင်ကာ တံခါးပိတ်နေလိုက်တော့၏။

မာဂရက်တို့ တူဝရီးနှစ်ယောက်မှာ စာကိုဆုံးအောင် မဖတ်ကြ။

mgyoe.com

ရည်းစားစာမှန်းသိသည်နှင့်တစ်ပြိုင်တည်း အချက်ကောင်းရပြီ ဟူသော အဓိပ္ပာယ်မျိုးဖြင့် ရုတ်တရက် ဧရတ်ကျည်ပွေ့ကြီးကို ဒုံးခနဲ ပစ်ချကာ ခြေဆောင့်နင်းလျက် အိမ်ဦးခန်းသို့ထွက်သွားပြီး "မမရှင်တို့၊ မဖွားမေတို့ မကြိုင်တို့လာကြပါဦး။ ဟောဒီဖြတ်စလုပ်ပုံ လာကြည့်ကြပါဦး"ဟု သူ့အိမ်နီးသားချင်း အတင်းပြောဖော်ပြောဘက်တို့ကို ကုန်း၍ခေါ်လေ၏။ ထိုမိန်းကလေးတို့လည်း ချက်ရင်းပြုတ်ရင်းတန်းလန်း ထမင်းအိုး ဟင်းအိုးတို့ကို ပစ်ထားခဲ့ကာ ပျာပျာလောင်လောင် အရေးတကြီး လာကြကုန်၏။

"ကြည့်ကြပါဦးတော် ... ဖြတ်စက ကျုပ်တူမကို စာပေးသတဲ့တော့၊ တူတာတန်တာချင်း လက်ဆွဲတာ ခံလိုက်ချင်သေးတယ်။ ခုတော့ ဒီလို ခွေးဝင်စားကောင်မျိုးက ကြံရက်တာ အံ့ပါပေရဲ့တော့၊ အနူလက်သီးထိုးခံရတာ ပါပဲ အရပ်ကတို့ရဲ့..."

ဒေါ်မြခင်၏ရူးရူးရှရှ အော်ဟစ်မှုကြောင့် တစ်မိနစ်အတွင်းတွင် "ဖြတ်စက မာဂရက်ကို စာပေးလို့တဲ့ ... ဒေါ်မြခင် ဆူနေတယ်"ဟူသော သတင်းမှာ တမဟုတ်ချင်း ပျံ့နှံ့သွားလေ၏။ ဤကွက်သစ်၏ဓလေ့အတိုင်း သန့်သန့်ကြားလျှင် ဝိုင်းအုံလေ့ရှိသော မိန်းမကြီးငယ်၊ ကလေးအပေါင်းတို့မှာ လေးပင်သုံးခန်းအိမ်ကလေးတွင် ပြည့်လုနီးပါး ရှိသွားလေ၏။

လူစုံရှေ့တွင် ဒေါ်မြခင်သည် ဟန်မှုရာခပ်ပါပါနှင့် "အကြံပက်စက်ဆန်ကောလောက်မှ စောက်မနက်လေခြင်းတော်။ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ။ ဒါ သူပေးတဲ့စာတဲ့တော့"ဟု မောင်ဖြတ်စ ဂရုတစိုက်ရေးထားသော စာရွက်ကလေးကို ဖြန့်ကာ လူသေ၍ငိုသော အသံမျိုးဖြင့် အော်လေ၏။

"ကျုပ်ဖြင့် အထင်သားပဲတော်။ မာဂရက် ရောက်ကတည်းက ဖြတ်စဒီလို ကြံလိမ့်မယ်ဆိုတာကို"ဟု လက်ကျန် သမီးပျိုနှစ်ယောက်ရှိ အသက်လေးဆယ်ကျော် မုဆိုးမဒေါ်ရင်ရင်က ထောက်လိုက်၏။ ဆေးရိုးဖက်သည် တစ်ခုလပ် ဒေါ်ကြာဝေးက "ကျုပ်လည်းအရိပ်မိသားပဲတော်... မပြောကောင်းလို့သာ မမြခင်ကို သတိပေးမယ်တောင် ကြံပါသေးတယ်"

"အမယ်လေး ... ဒီလိုစာပေးတာပဲ တော်ပါသေးတယ်ရှင်။ ညအိပ်တုန်း အလစ်မကြံတာဘဲ ဖြတ်စကို ကျေးဇူးတင်ပါဦး"ဟု အသက် ၃၀ ကျော်နှင့် ကလေး ၉ ယောက်မွေးပြီး မကြိုင်က ဖြတ်စဘက်က ထောက်ခံလိုက်၏။

mgyoe.com

တန်သည် မတန်သည် အရေးမဟုတ်၊ အရောင်းအဝယ်တည့်လျှင် ပြီးတမ်းဟူသော မိန်းမတွေ တိတ်တိတ်ပုန်းထုတ် အိမ်တွင်းပစ္စည်းပွဲစား ဒေါ်ဖွားရွှေက "သြော် ... လူပျိုလေးနဲ့ အပျိုလေး ကြိုက်တော့လည်း စာပေးပေမပေါ့"

ဤသည်ကို ကြားမှပင် မီးတောက် လေငွေ့ပေးသလို ဒေါ်မြခင် ပိုမို ဒေါပွကာ "အမယ်လေးတော် ... လူပျိုဖြစ်တိုင်း အပျိုကို စာပေးသတဲ့လား လို့၊ ကိုယ်နဲ့တန်၏မတန်၏ ကြည့်ပါဦးတော့၊ ဖာကျိုးလို့ လူစဉ်မမီဘဲ တေလွန်း၊ ပေလွန်းလို့ အိမ်က နှင်ထားရတဲ့အကောင်က၊ ကျုပ်တူမ မယ်တပ် ကုန်းဘွဲ့ရလာခဲ့တာ၊ သူ့လိုကောင်နဲ့ဆို ဘုရင့်သမီးတော်နဲ့ ကပ္ပလီကျွန်းက သူတောင်းစားလောက် ကွာပါဟယ်"

ဤသို့ သမီးဖြစ်သူ ဒေါ်ပွနေဆဲ ဦးတုတ်ပေါ်သည် လမ်းလျှောက်ရာမှ ပြန်လာ၍ အဖြစ်သနစ်ကို မေးလေ၏။

အိမ်သာထဲမှာ မလှုပ်မရှားဘဲ နားထောင်နေရသော မောင်ဖြတ်စမှာ လူကြီးရောက်လာလျှင် ငြိမ်းအေးသွားလိမ့်မည်ဟု အောက်မေ့၏။ သို့သော် သူ့အထင် တက်တက်စင်အောင် လွဲချေသည်။ ဦးတုတ်ပေါ် သိမှပင် ပိုမို ဆိုးရွားလာကာ "အောင်မာ...ဒီကောင်ကများ ငါ့မြေး စာပေးသတဲ့၊ ဘယ်မလဲ ဒီကောင်"ဟု တွေ့လျှင် သတ်တော့ခမန်း အောင်မြင်သော ဝမ်းခေါင်းသံကြီးနှင့် မေးလေ၏။

"မာ ... လာတော့ အိမ်သာထဲ ဝင်ကျန်ရစ်ခဲ့တယ်၊ ခုတော့ နောက်ဖေးဘက်ကပဲ ဆင်းပြေးပလား၊ ရှိပဲရှိသေးလား မသိဘူး"ဟု မြေးဖြစ်သူ မာဂရက်က လမ်းညွှန်လိုက်၏။

မောင်ဖြတ်စမှာ မာဂရက် ပြောသံကြားမှပင် နောက်ဖေးပေါက်မှ ဆင်းပြေးရန် သတိရလာကာ အိမ်သာတံခါးကို ဖွင့်၍တွန်းလိုက်၏။ သို့သော် သူနောက်ကျနေချေပြီ။ အသက်ခြောက်ဆယ်ကျော် ဗိုက်ရွဲရွဲ၊ ဘောင်းဘီတို၊ စပို့ရှပ်ကိုဝတ်၍ နံနက်စောစောကပင် ကိုပုခေါက်ဆွဲဆိုင်မှ ၃ ကျပ် ၉ ပဲနှင့် ပြန်ရွေးထားရသော တုတ်လက်နက်ကိုင် ဦးတုတ်ပေါ် ခေါင်းဆောင်သည့် မိန်းမတစ်စုနှင့် ကလေးတစ်အုပ်မှာ (လင်ငယ်လက်ထဲမှ ပြန်ခေါ်လာသော မိန်းမကို ဆွေမျိုးတစ်စု ဝိုင်းတွေ့ကြသကဲ့သို့) ပြုံးသူပြုံး၊ မဲ့သူမဲ့၊ တီးတိုးပြောသူပြောနှင့် ကံဆိုးသူ မောင်ဖြတ်စကလေးကို အိမ်သာအဝတွင် ပိတ်မိ

mgyoe.com

ကြလေ၏။

"နင်... ငါ့မြေးကို စာပေးတယ်ဆို"

မနေ့ကကိစ္စပါ ရောစ၍ ဒေါသကြီးနေသော ဦးတုတ်ပေါသည် အနီးရှိ လှမ်းထားသော ထမီရေစိုများ လွှင့်သွားလုခမန်း ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်လေ၏။ မောင်ဖြတ်စမှာ ဘာမှမပြောနိုင်။ လက်နှစ်ဖက် နောက်ပစ်ကာသာ တရားခံငိုင် ငိုင်နေရလေ၏။

"အိမ်မှာလည်း မှန်တွေ အရှိသားနဲ့၊ ကိုယ့်ရုပ်ကိုလည်း မှန်ထဲကြည့်ပြီး တူလားတန်လားဆိုတာ စဉ်းစားဦးမှပေါ့။ ငါ့မြေးက အလှပြိုင်ပွဲမှာ စိန်ဘယက်နဲ့ မယ်တပ်ကုန်းဘွဲ့ ရလာခဲ့တာ၊ နင့်ရုပ်က အစာတော်တော်နဲ့ အမွေးတစ်ပင်မျှမရှိတဲ့ ခွေးဝဲစားလိုအကောင်၊ ဖာကျိုးဖာဒဏ်နဲ့ မသာစော်နံနေတာ ထွီ... ငါ့နှယ် သေ သေစမ်းချင်တော့ ..."

တရားခံမောင်ဖြတ်စမှာ မျက်နှာမထားတတ်။ ဝိုင်းအုံနေကြသော လူစုကိုလည်း မကြည့်ရဲ၊ သို့သော် သူ့အဘိုးနံဘေး၌ ခါးထောက်နေသော မာဂရက်ကို မျက်လွှာတစ်ချက်ပင့်၍ ကြည့်မိ၏။ မာဂရက်က ပြုံးမဲ့မဲ့ကလေး လုပ်ပြလိုက်၏။

နင်တော့ သိစေမပေါ့ကွာ ဟူသော အဓိပ္ပာယ်ဖြင့် ပြန်၍ အံကြိတ်ပြလိုက်၏။ လူအုပ်ထဲတွင် ဖြတ်စထံမှ လက်ဖက်ရည်သောက်ဖူး၊ မုန့်စားဖူးသော ကလေးများနှင့် အောင်သွယ်ညာ မိန်းမအချို့မှာ သူ့မျက်နှာ ကြာကြာကြည့်ရမှာ အားနာလာ၍ တဖြည်းဖြည်း ဆုတ်ခွာကုန်ကြ၏။

ဦးတုတ်ပေါကား ဒေါသကြီးတုန်းပင်။ မျက်နှာကိုစေ့စေ့ငြည့်၍...

"ကိုယ်နဲ့ မတူမတန်တာများ ကြံရက်တာ အံ့ပါရဲ့ကွာ၊ မိုးကြိုးပစ်မချတာ ကံကောင်း၊ သိကြားမင်းက သဘောကောင်းလို့သာပေါ့...။ ထွီ ... ငါ့လိုကောင်ဖြင့် ရှက်တာနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် သိရဲ့လား"

အရှက်အကြောက် အတော်အတန် နည်းခဲ့သော မောင်ဖြတ်စပင်လျှင် ဤရေချိန်၌ ခံနိုင်ရည် မရှိတော့ဘဲ ပြေးပေါက်ကို ကြည့်လေ၏။ လူစုလျော့သွားပြီကိုမြင်ရ၍ အ ားရှိလာကာ မာဂရက်၏မျက်နှာကို တစ်ချက်မျှ မျက်စောင်းထိုးပြီး တစ်ဟုန်တည်းလွတ်အပ်သော မြား၏လျင်မြန်ခြင်းဖြင့် ရုတ်တရက် လူထုထဲမှ ထိုးဖောက်ကာ အိမ်ရှေ့ခန်းဘက်သို့ ပြေးခဲ့လေ၏။

ဦးတုတ်ပေါ၏လူစုမှာ တစ်ပြိုင်တည်း "ဟယ်"ခနဲအော်မိကြကာ

mgyoe.com

mgyoe.com


နောက်မှ အလျင်အမြန်လိုက်ကြပါသော်လည်း လေကဲ့သို့ လျင်မြန်စွာ လှေကားထစ်မှ ခုန်ဆင်းပြေးသော မောင်ဖြတ်စကိုမူကား အရိပ်အငွေ့မျှ မမြင်လိုက်ရတော့ချေ။

ထိုနေ့အဖို့၌ ပါးစပ်သတင်းထောက်များမှာ သတင်းအပြည့်အစုံရကြ၍ အားရဝမ်းသာ သတင်းစာဆရာတို့၏ထုံးစံအတိုင်း သတင်းမှန်နှင့် ထင်မြင်ချက်များကို ဖြည့်စွက်ကာ ဖြစ်သည်ထက် ပို၍သတင်းလွှင့်လိုက်ကြလေ၏။ သို့သော် သူတို့သည် နောက်တစ်နေ့၌ အနည်းငယ်ကလေးမျှ မထင်မြင်နိုင်လောက်အောင် ထူးဆန်းအံ့ဩဖွယ်ရာသော သတင်းကို ကြားရလိမ့်မည်ဟု ရေးရေးမျှ တွေးမိကြလိမ့်မည် မဟုတ်ချေတကား။

ညဥ့်ဦးယံ တစ်ဝက်ကျိုးခဲ့လေပြီ။ မောင်ဖြတ်စသည် သူ၏သူငယ်ချင်း မောင်ကောင်း၏အိမ်တွင် ရှက်ပုန်း ပုန်းနေခဲ့ရာ စမ်းချောင်း မီးသတ်စက်ကြီးမှ သံချောင်း ၉ ချက်မျှ ခေါက်လိုက်လျှင် မောင်ကောင်းသည် ပါးစပ်ကို ဖြဲလျက် ဝါးခနဲသမ်းလိုက်ကာ "ကဲ ... ကိုယ့်လူ ပြန်ပေတော့၊ အရှက်ပြေလောက်ပြီ၊ ကျွန်တော်တို့လည်း အိပ်ချင်လှပြီ၊ ကဲ ... ခင်ရေ ... အိပ်ရာပြင်တော့ကွယ်" ဟု သူ့မိန်းမကို လှမ်း၍ပြောလိုက်၏။

မောင်ဖြတ်စသည် ခေါင်းကုပ်ကာ "ဟာ...ကိုကောင်းရာ ကျွန်တော်မပြန်ချင်ဘူးဗျာ၊ ရှက်တယ်ဗျာ၊ ဒီမှာပဲ အိပ်မယ်၊ ခင်ဗျားတို့လင်မယားနှစ်ယောက်တည်း၊ အိပ်ခန်းလည်း အကျယ်ကြီးပဲ..."

"ဘယ်လောက်ကျယ်ကျယ်၊ ဒါတော့ မဖြစ်ဘူး ဆရာရေ့၊ ကျွန်တော့်စိတ် အရင်တုန်းကလို မဟုတ်တော့ဘူး။ ရှင်းရှင်းပြောရရင် မန္တလေး စာရေးဆရာတွေရေးတဲ့ တဏှာညွှန်းစာအုပ်တွေ ဖတ်ပြီးကတည်းက ကျွန်တော့်မယားက ပိန်တာနဲ့ အခုမိန်းမကို ယူပြီးတော့ အိမ်မှာ ညအိပ်ညနေ ဧည့်သည်ကို လက်မခံတော့ဘူး၊ အေး ... နေ့လာတဲ့ဧည့်သည်တော့ ရှိတာအကုန်စားသောက်သွား၊ ဘာမှကိစ္စမရှိဘူး"

"ဟာ ... ကိုကောင်းကလည်းဗျာ၊ တစ်ညတည်းပါ၊ ရှက်လွန်းလွန်းလို့ပါဗျာ..."

"ကိုယ့်လူလည်း အရင်တုန်းက အရှက်လုံးလုံးရှိခဲ့တာ မဟုတ်ဘဲနဲ့ ခုမှပဲ သူငယ်ပြန် ရှက်တတ်နေတယ်"

"မဟုတ်ဘူး...ကိုကောင်း၊ ဒီနေ့ကိစ္စက အတော့်ကို ဆိုးတယ်။ အရင်

mgyoe.com

ဂျပန်ခေတ်က ဂျပန်နဲ့ညားသွားတဲ့ အဘိုးကြီးမြေး မေဒ်လီကို ဖက်နမ်းတုန်းက အိမ်ထဲတင် ဆူတာ၊ အပြင်လူသိတာ မဟုတ်ဘူး။ အခု ကောင်မကျတော့ စာပေးရုံရှိသေး တစ်ရပ်လုံး ဝိုင်းအုံလာအောင် အော်ပြီးဆူတာ၊ ကျွန်တော် လည်း တစ်ရပ်လုံးက သိနေတော့ ရှက်တာပေါ့ဗျ။ လူမြင်ကို မခံဝံ့အောင် ဖြစ်နေတာ…"

"လူမြင်မခံဝံ့ရင် ဟော့ဟို အိုဗာကုတ်အင်္ကျီကြီးဝတ်ပြီး အပေါ်က ကက်ဦးထုပ်ကို မျက်နှာအုပ်အောင် ဆောင်းသွား၊ ဝါး…ဟား..ဟား.. အိပ်ချင်ပြီဗျာ၊ ခင်ရေ … အိပ်ရာပြင်ပြီးပလား …"

"ဟုတ်ကဲ့ကိုကို၊ ညဉ့်နက်လှပြီ လာတော့လေ၊ ဟုတ်စာအုပ်လည်း ယူခဲ့…"

ကိုကောင်းမိန်းမ၏အသံကို ကြားရရာ မောင်ဖြတ်စသည် နောက်ထပ် ပြောသော်လည်း အကြောင်းမထူးတော့ပြီကို သိရှိကာ စစ်တပ်ထဲမှ အချောင် ထုတ်ရောင်းသော သက္ကလပ်အိုဗာကုတ်အင်္ကျီပွကြီးကို ဝတ်၍ ကက်ဦးထုပ် မျက်နှာအုပ်အုပ်ဆောင်းကာ ပြန်လာခဲ့ရလေ၏။

အိမ်အနီးသို့ ရောက်သောအခါ အိမ်ဦးခန်း၌ မီးရောင်လင်းနေ၍ ရုတ်တရက် မဝင်ရဲသေး။ နောက်ဖေးပေါက်က အလစ်တက်မည်ဟု ကြံပြုကာ နောက်ဖေးလမ်း မှောင်ကျကျတွင် အသာချောင်း၍ နေလေ၏။ သူ မတ်တတ် ရပ်မိ၍ တစ်မိနစ်မျှ မကြာမီ နောက်ဖေးတံခါးသည် ရုတ်တရက်ပွင့်ထွက် လာကာ တဘက် ခေါင်းမြီးခြုံနှင့် သားရေသေတ္တာ ဆွဲကိုင်ထားသော မိန်းမ ပုံသဏ္ဌာန်တစ်ခု ရိပ်ခနဲ ပေါ်လာပြီး မိမိဆီသို့ ခပ်သုတ်သုတ် လာနေသည်ကို မြင်ရလေ၏။

ဖြတ်စသည် အလို…ဘယ်သူများပါလိမ့်ဟု တွေးတောအံ့ဩကာ ကက်ဦးထုပ်ကို မျက်နှာအုပ်အောင် ဆွဲချလိုက်စဉ်တွင် ထိုသဏ္ဌာန်မှာ အနီးသို့ ရောက်လာပြီး သူ့လက်မောင်းကို လှမ်းဆွဲ၍ "အမယ်လေး ကိုကိုလတ် စောစောလာတာ အဆင်သင့်ပဲ။ မာ … မျှော်နေတာ ကြာလှပြီ"ဟု ခပ်တိုးတိုး ပြောသော မာဂရက်၏၊ အားရဝမ်းသာအသံကို ကြားရလေသဖြင့် ဖြတ်စမှာ ရုတ်တရက် အံ့အားသင့်သွားလေ၏။

မာဂရက် သူ၏လက်မောင်းကို လှုပ်ယမ်းကာ "ဘာငိုင်နေတာလဲ ကိုကိုရဲ့ လာပါ။ မြန်မြန်သွားကြပါစို့။ အိမ်ရှေ့ခန်းမှာ ဦးလေးကိုဘနိုင်

mgyoe.com